# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက် | ၂၀၂၆ ခုနှစ်၊ ဧပြီ ၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတက တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက် တင်မြှောက်ခြင်းခံရသော သမ္မတက တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် များ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး Banquet Hall ၌ ကျင်းပပြုလုပ်ရာ ရွေးကောက် တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် အငြိမ်းစားအဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑




### ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး အား ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ *ရှေ့ဖုံးမှ*

ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့် တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲမသမာမှုများကြောင့် အရေးပေါ်ကာလသတ်မှတ်ပြီး အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်က တာဝန်ပေးခဲ့သောကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ယခုအထိ နိုင်ငံ့တာဝန်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ချိန်မှစပြီး အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသည်ကို မိမိနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်များနှင့် တပ်မတော်သားများပူးပေါင်းပြီး ပြည်သူလူထုအားဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

**မှတ်တမ်းတင်**

စတင်တာဝန်ယူချိန်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြင်းထန်နေသည့်အချိန်ဖြစ်ပြီး ကူးစက်မှုကာကွယ်ရန်နှင့် ကုသရေးဆိုင်ရာများကို တပ်မတော်သားများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသောကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးစွာဖြင့် ကပ်ရောဂါကြီးကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ ထို့အတွက်ကြောင့်လည်း တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးခဲ့သူများနှင့် ပါဝင်ဆောင်ရွက်ခဲ့သူများအား မှတ်တမ်းတင်ကြောင်းကို ပြောကြားလိုကြောင်း။

တစ်ဆက်တည်း၌ပင် ရခိုင်ပြည်နယ်၌ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်၌ အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်တွင် လူအသေအပျောက်များခဲ့ပြီး ရုံးအဆောက်အအုံများ၊ လူနေအိမ်များ၊ စာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိကအဆောက်အအုံများ များစွာထိခိုက်ပျက်စီးခဲ့ကြောင်း။

ယင်းအချိန်က မိမိအနေဖြင့် ရခိုင်ပြည်နယ်ကို မုန်တိုင်းတိုက်ခတ်ပြီးနောက်ရက်တွင် ချက်ချင်းသွားရောက်ပြီး ထိခိုက်ဒဏ်ရာရသူများကို အားပေးနှစ်သိမ့်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ကျော်စွာလင်း အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်ကြီး ထွန်းအောင် အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

ချက်ချင်းဖွဲ့စည်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်စေခဲ့ကြောင်း၊ ဒေသခံအများစုအနေဖြင့် မုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်နေကြပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တပ်မတော်နှင့်အစိုးရ ပူးပေါင်းပြီး ချက်ချင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ပျက်စီးမှုများကို ရှင်းလင်းခြင်းနှင့် ပြန်လည်ထူထောင်မှုကို မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် တပ်မတော်အင်အားကို အခြေပြုပြီး အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း။

**အင်တိုက်အားတိုက်အသုံးပြု**

ထိုသို့ဆောင်ရွက်ရာတွင် အစိုးရ၊ ဌာနဆိုင်ရာများနှင့်အတူ တပ်မတော်သားများ၏ ပူးပေါင်းပါဝင်မှုသည် အင်အားကြီးမားခဲ့ကြောင်း၊ ထို့ကြောင့်လည်း အချိန်တိုကာလအတွင်း၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိထိရောက်ရောက်နှင့် လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်လေယာဉ်များ၊ စစ်ရေယာဉ်များကို အင်တိုက်အားတိုက်အသုံးပြုပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စားရေရိက္ခာများကို ရေကြောင်း၊ လေကြောင်းတို့ဖြင့် အကြိမ်ကြိမ်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း မုန်တိုင်းဒဏ်ခံရသည့် ရခိုင်ပြည်သူများ စားဝတ်နေရေးအဆင်ပြေပြီး အမိုးအကာအောက် လျင်မြန်စွာရောက်ရှိနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာက လေကြောင်း၊ ရေကြောင်းဖြင့် ပေးပို့လာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြည်တွင်းမှလှူဒါန်းသည့် ပစ္စည်းများကိုလည်း တပ်မတော်သားများက ရန်ကုန်မှ တစ်ဆင့် လေကြောင်း၊ ရေကြောင်းများဖြင့်

*စာမျက်နှာ ၅ သို့*

> **"မိုခါမုန်တိုင်း ကျရောက်စဉ်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်တိုအတွင်း၌ စိတ်စေတနာထက်သန်စွာဖြင့် စွန့်လွှတ်စွန့်စား ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်အရာရှိကြီးများကို ကျေးဇူးတင်ပြီး လေးစားဂုဏ်ပြုသည့်အနေဖြင့် ယနေ့ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်သည့်အခမ်းအနားကို ကျင်းပရခြင်းဖြစ်"**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး(ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီး လူအေး(ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်(ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်(ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်(ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

အတင်အချပြုလုပ်ပြီး အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း။

**စွန့်လွှတ်စွန့်စား ပါဝင်ဆောင်ရွက်**

ထို့အပြင် တပ်မတော်မှ အရာရှိကြီးများကို ပြည်နယ်အတွင်း မြို့နယ်အလိုက် သတ်သတ်မှတ်မှတ်တာဝန်ပေးပြီး အပျက်အစီးများရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင် ဆောင်ရွက်စေခဲ့ကြောင်း၊ တာဝန်ပေးခဲ့သည့် တပ်မတော်အရာရှိကြီးများကလည်း ဆင်းရဲဒုက္ခကြားတွင် သွားရောက်နေထိုင်ပြီး လက်တွေ့ကျကျ အောက်ခြေထိဆင်းပြီး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိုခါမုန်တိုင်းကျရောက်စဉ်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း၌ စိတ်စေတနာထက်သန်စွာဖြင့် စွန့်လွှတ်စွန့်စား ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်အရာရှိကြီးများကို ကျေးဇူးတင်ပြီး လေးစားဂုဏ်ပြုသည့်အနေဖြင့် ယနေ့ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်သည့် အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့**

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် တောင်တရုတ်ပင်လယ်ဘက်က စခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်း ရာဂီကြောင့် နေပြည်တော်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နှစ်ပေါင်း ၇၀ အတွင်း အကြီးမားဆုံးသော မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါသဘာဝဘေးကျရောက်စဉ်ကလည်း တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့်အတူ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

**ကျေးဇူးတင်ဂုဏ်ပြု**

အလားတူ ၂၀၂၅ ခုနှစ် မတ်လ (၂၈) ရက်တွင် လှုပ်ခတ်ခဲ့သည့် အလွန်အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းတို့၌ ထိခိုက်ပျက်စီးမှုများပြီး အခြားဒေသများတွင်လည်း ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ကယ်ဆယ်ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ တပ်မတော်သားများ ပူးပေါင်းပါဝင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ မိုခါမုန်တိုင်းအပါအဝင် နိုင်ငံတော်တွင်ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော်မှ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ပူးပေါင်းပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများနှင့် အရာရှိများ၊ တပ်မတော်သားများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြုသည်ကို ပြောကြားလိုပါကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ် စိုးနိုင်ဦး(ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် တင်ဆွေ(ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ခင်မောင်အေး(ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ခင်ဇော်(ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။

- **ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြုံလာတိုင်း၌ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့် တစ်သားတည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်းကို ထပ်မံပြောကြားလို**
- **အနာဂတ်ကာလတွင်လည်း နိုင်ငံ့အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန်၊ "ပြည်သူသာအမိ ပြည်သူသာအဖ" ဟူသည့် ခံယူချက်နှင့် ပြည်သူတွေအပေါ် အလုပ်အကျွေးပြုသွားကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ကျရာကဏ္ဍမှ အင်တိုက်အားတိုက်ဆောင်ရွက်ပေး**

**မှတ်တမ်းတင်ဂုဏ်ပြု**

အလားတူ မိမိတို့တာဝန်ယူခဲ့သည့် (၅)နှစ်တာကာလအတွင်း၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေခံဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်အောင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ကြိုးစားလုပ်ဆောင်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုလိုကြောင်း။

**လေးစားစွာ မှတ်တမ်းတင်**

ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြုံလာတိုင်း၌ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့် တစ်သားတည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်အောင် ကြီးကြပ်ကွပ်ကဲ စီမံပေးခဲ့ကြသည့် တပ်မတော်အရာရှိကြီးများကိုလည်း လေးစားစွာ မှတ်တမ်းတင်ဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

အနာဂတ်ကာလတွင်လည်း နိုင်ငံ့အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန်၊ **"ပြည်သူသာအမိ ပြည်သူသာအဖ"** ဟူသည့် ခံယူချက်နှင့် ပြည်သူတွေအပေါ် အလုပ်အကျွေးပြုသွားကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ကျရာကဏ္ဍမှ အင်တိုက်အားတိုက်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*
ဒေါက်တာ ချာလီသန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အငြိမ်းစား အဆင့်မြင့်တပ်မတော်အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တည်ခင်းဧည့်ခံထားသည့် ဂုဏ်ပြုလက်ဖက်ရည်များကို အတူတကွ သုံးဆောင်ကြသည်။

အခမ်းအနားအပြီးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် ကျော်ကျော်ဦး(ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်မှူးချုပ် အောင်ကျော်မိုး (ငြိမ်း) အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ဗန်ကောက်မြို့**
**ဧပြီလ ၇ ရက်၊ ဘီ.အီး.၂၅၆၉ (၂၀၂၆)**

**အဆွေတော်**
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**
**နေပြည်တော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် အပြန်အလှန် လေးစားမှု၊ အကျိုးစီးပွားမျှဝေမှုနှင့် ပြည်သူနှစ်ရပ်အကြား ခိုင်မာသည့် ဆက်ဆံရေးတို့အပေါ် အခြေခံသည့် နီးကပ်သော ချစ်ကြည်ရင်းနှီးမှုတို့ ကာလရှည်ကြာ တည်ရှိခဲ့ပါသည်။

မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူနှစ်ရပ်စလုံး၏ အပြန်အလှန် အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းမှုနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအား ထိုင်းနိုင်ငံအနေဖြင့် ပံ့ပိုးကူညီရန် အသင့်ရှိနေကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာတိုးမြှင့်သွားမည်ဟု ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

**(အနုထင်ချာဝီရာကွန်)**
**ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**မော်စကိုမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်**

**အဆွေတော်၊**
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ခေါင်းဆောင်မှုအတွေ့အကြုံများ၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝမှုများဖြင့် မြန်မာနိုင်ငံ တည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အောင်မြင်စွာ ဦးဆောင်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဖက်ဆက်ဆံရေးကိုအခြေခံ၍ မိမိတို့အကြား ရှိရင်းစွဲသဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်သွားရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး ဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါသည်။

အဆွေတော် ကျန်းမာ၍ စွမ်းအားများပြည့်ဝပါစေကြောင်းနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်မင်ရင်းနှီးစွာဖြင့်

**အီဗန် ပိုလီယာကော့ဗ်**
**ဥက္ကဋ္ဌ**
**ရုရှား-အာဆီယံစီးပွားရေးကောင်စီ**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်း / အဖွဲ့များနှင့် ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် ဧပြီ ၈**

၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာ-မွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်း(MMBEA)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဇဖာရ်ရှားဂူဗိမာန် ကြီးကြပ်ရေးကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ - မွတ်စလင်စီးပွားရေးလုပ်ငန်းရှင်များအသင်း(MMBEA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ဇဖာရ်ရှားဂူဗိမာန်ကြီးကြပ်ရေးကော်မတီ**
**ဓိဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး တာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်**

# နေပြည်တော်ကောင်စီဝင်များ ပျဉ်းမနားမြို့နှင့် လယ်ဝေးမြို့တို့၌ ဗဟိုမဏ္ဍပ်များ ဆောက်လုပ်နေမှုကြည့်ရှု

**နေပြည်တော် ဧပြီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ ဧပြီ ၇ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့နယ်အတွင်း၌ ပြုလုပ်ရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးမြင့်စိုး၊ ဦးခင်မောင်လတ်၊ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝီလီရန်ဖရန့်၊ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့် ဒက္ခိဏသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် လူနေအိမ်များမှ အိမ်ထောင်စုဝင်များ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက သဘာဝဘေးအန္တရာယ်ကြောင့် ယခုကဲ့သို့ အိုးအိမ်များ ထိခိုက်ပျက်စီးခဲ့ရသည့်အပေါ် မိသားစုဝင်များနှင့်ထပ်တူ စိတ်မကောင်းဖြစ်ရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ အခက်အခဲများကို အမြန်ဆုံးကုစားပေးနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရာသီဥတု အကူးအပြောင်းကာလတွင် သဘာဝဘေး အန္တရာယ်ဆိုင်ရာ သတိပေးချက်များကို ဂရုပြုလိုက်နာကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် လူနေအိမ်များမှ အိမ်ထောင်စုဝင်များအား အားပေးစကားပြောကြားပြီး နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုးတို့က ဘေးသင့်အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေများအား လက်ဝယ်အရောက် ပေးအပ်သည်။ ထို့အတူ လယ်ဝေးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် မိုးကြိုးစက်ကွင်းထိမှန် သေဆုံးခဲ့သည့် အိမ်ထောင်စုဝင်တစ်ဦးအတွက်



ထောက်ပံ့ငွေများကိုလည်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဒက္ခိဏသီရိ မြို့နယ်အတွင်း ဧပြီ ၇ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၂၈ လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုးတို့သည် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့၌ မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)၌ အပူဒဏ်အန္တရာယ်ကုသရေးအတွက် ဆောင်ရွက်ထားရှိ

**နေပြည်တော် ဧပြီ ၈**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)၌ အပူချိန်ပြင်းထန်သည့် နွေရာသီကာလအတွင်း အပူဒဏ်သင့်၍ လာရောက်ပြသသော လူနာများအား ကုသမှုပေးနိုင်ရန်အတွက် လေအေးပေးစက်များတပ်ဆင်ထားသည့် သီးသန့်အခန်းများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ ပြင်ဆင်ဖြည့်တင်းထားရှိခြင်း၊ ရေငွေ့ထုတ်ပန်ကာများနှင့် ရေခဲသေတ္တာများ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံဝန်ထမ်းများအား အပူဒဏ်သင့်လူနာများ



အရေးပေါ်ကုသမှုအတွက် စနစ်တကျလေ့ကျင့်ထားခြင်းတို့ဖြင့် အပူဒဏ်အန္တရာယ်ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဧပြီ ၈**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၂ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၆၈ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၈ ဒသမ ၉၂ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ မတ် ၁၆ ရက်မှစတင်ပြီး ယနေ့ပဉ္စမနေ့အထိ ကျင်းပခဲ့ပါကြောင်း၊ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကိုလည်း ၂၀၁၆ ခုနှစ်၊ မတ် ၃၀ ရက်နှင့် ၃၁ ရက်များတွင် ကျင်းပခဲ့ပါကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော်အစည်းအဝေး ပထမနေ့တွင် သဘာပတိတင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ လွှတ်တော်အစည်းအဝေး ဒုတိယနေ့၊ တတိယနေ့နှင့် စတုတ္ထနေ့များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးသည့်နေ့တွင် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ) အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့ကြောင်း။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌထံမှ မတ် ၁၇ ရက်တွင် ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌထံမှ မတ် ၁၇ ရက်တွင် ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌထံမှ မတ် ၁၉ ရက်တွင် ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီးထံမှ မတ် ၂၃ ရက်တွင် ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌထံမှ မတ် ၂၃ ရက်တွင် ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အမည်စာရင်းအား ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့တင်ပြခဲ့ရာ ယခုဆိုလျှင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့သည့် ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူအနေဖြင့် တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုပါကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်အစည်းအဝေးသို့ လေ့လာသူအဖြစ် နိုင်ငံရေးပါတီများမှ လာရောက်လေ့လာသူ ၂၁ ဦး၊ ပြည်သူလူထုလေ့လာသူ ငါးဦး လာရောက်လေ့လာခဲ့ကြပါကြောင်း။

မတ် ၁၆ ရက်ကစပြီး ဧပြီ ၈ ရက်အထိ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းအပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များမှာ သဘာပတိတင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ နိုင်ငံတော်သမ္မတအရည်အချင်း စိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်းနှင့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း။




အတည်ပြုခြင်းအပိုင်းနှင့်စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များမှာ ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်း၊ လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

ဖွဲ့စည်းခြင်းအပိုင်းနှင့်စပ်လျဉ်း၍ ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များအနေဖြင့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းတို့ ဖြစ်ပါကြောင်း။

မှတ်တမ်းတင်ခြင်းအပိုင်းနှင့်စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအနေဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမနေ့ အစည်းအဝေးများ တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာငါးခုကို မှတ်တမ်းတင်ခြင်း၊ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့နှင့် ဒုတိယနေ့ အစည်းအဝေးများ တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလနှင့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ကျင်းပသည့်ရက်အတွင်း ဆောင်ရွက်ခဲ့သည့် ဖော်ပြပါဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်များအား မှတ်တမ်းတင်ထားရှိပြီးဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ မတ် ၁၆ ရက်တွင် စတင်ခဲ့ပြီး ယနေ့ ဧပြီ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူကိုကိုယ်စားပြုခွင့်ရသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်အဆောက်အအုံထဲတွင် **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဆိုသည့် ဆောင်ပုဒ်များကို နေရာအနှံ့အပြားတွင် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

လွှတ်တော်၏လုပ်ငန်းတာဝန်များကိုကြည့်မည်ဆိုပါက လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းနှင့် သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်သူလူထုကိုကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန်ထိန်းညှိခြင်းများကို တွေ့ရမည်ဖြစ်ပါကြောင်း။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ကို မဲပေးရွေးချယ်တင်မြှောက်ပေးလိုက်သည့် ပြည်သူများ၏ ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ရွေးချယ်တင်မြှောက် အတည်ပြုဆောင်ရွက်နေကြပြီဖြစ်သည့်အတွက် လွှတ်တော်၏ အဓိကတာဝန်များကို အချိန်တိုအတွင်း အထိုက်အလျောက်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်ချက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအားလုံးကို ပြည်သူ့လွှတ်တော်က ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူ မှတ်တမ်းပြုအပ်ပါကြောင်း။

## အထူးအလေးထား ကြိုးစားဆောင်ရွက်

မကြာမီ လွှတ်တော်ကို ခေတ္တရပ်နားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ရပ်နားနေစဉ်ကာလအတွင်း ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ရောက်ရှိရာနေရာဒေသတိုင်းတွင် ပြည်သူ့အသံကို နားထောင်ခြင်း၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခြင်း၊ အမျိုးသားအကျိုးစီးပွားကို အလေးအနက်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်စေရန်၊ ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူကိုထာဝရကိုယ်စားပြုနိုင်ရန် အထူးအလေးထား ကြိုးစားဆောင်ရွက်သွားကြစေလိုပါကြောင်း။

ထို့ပြင် ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေမည့် လုပ်ငန်းတာဝန်များကိုလည်း စိတ်ကောင်းစေတနာမှန်နှင့် ဆတက်ထမ်းပိုး ထမ်းဆောင်ကြရန်လိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ အဓိကကျသော မဏ္ဍိုင်ကြီးတစ်ခုဖြစ်သည့် ဥပဒေပြုမဏ္ဍိုင်တွင် ပါဝင်ဆောင်ရွက်နေကြသူများဖြစ်သည့်အတွက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် လုပ်ပိုင်ခွင့်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ကိုက်ညီအောင် ကြိုးပမ်းပြီး တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စများကို အားလပ်ချိန်များတွင် လေ့လာထားရမည်ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများအနေဖြင့် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် မိမိကိုယ်စားပြုသည့် မဲဆန္ဒနယ်မြေနှင့် မိမိကိုယ်စားပြုရာ မဲဆန္ဒနယ်မြေအတွင်းတွင်ရှိသည့် နိုင်ငံသူ၊ နိုင်ငံသားများနှင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အရေးကိစ္စများကို အမြော်အမြင်ရှိစွာဖြင့် ဥပဒေနှင့်အညီ အလေးထားကြိုးပမ်းဆောင်ရွက်ကြပြီး ပြည်သူများ၏ လိုလားချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် မေတ္တာရှင်သူရဲကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြရန် ယုံကြည်မျှော်လင့်လျက်ရှိပါကြောင်း။

မကြာမီကျရောက်မည့် ၁၃၇၈ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူး အခါသမယတွင် ပျော်ရွှင်ကျန်းမာစွာ ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကျန်းမာရွှင်လန်းစွာဖြင့် ကိုယ်စားလှယ်များအားလုံးကို ပြန်လည်ဆုံတွေ့ကြပါစို့ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း လွှတ်တော်သို့အသိပေးကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဧပြီ ၈**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၃ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၁၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျောင်းလီကျဲ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စဗဟယ်လင်တီနာ မက်ဗီယန်ကို၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကောင်စီ (အထက်လွှတ်တော်)ဥက္ကဋ္ဌ မစ္စ နာတာလီယာ ကိုချာနိုဗာ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်တို့က ပေးပို့လာသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပြီးဆုံးပြီဖြစ်ကြောင်း၊ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ် ၁၈ ရက်မှ ဧပြီ ၈ ရက်အထိ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေး ပထမနေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထဲမှ သဘာပတိအဖြစ် တင်မြှောက်ခြင်းနှင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးက ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းနီနီအေးကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အနေဖြင့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ၂၀၁၅ ခုနှစ်အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ တို့အရ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများကို ဖွဲ့စည်းနိုင်ရေးအတွက် ယင်းကော်မတီတစ်ခုချင်းစီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း၊ ယင်းကော်မတီများအလိုက် တာဝန်ယူ ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စသည့်နိုင်ငံများက အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးတို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့လာခြင်းကို လွှတ်တော်သို့ တင်ပြခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့လွှတ်တော်သည် ဥပဒေပြုရေးအာဏာ ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ရရှိထားသည့် ဥပဒေပြုရေးအာဏာကို အသုံးပြုကာ ပြည်သူများ ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများ၏ လုပ်ငန်းများကိုလည်း နှံ့နှံ့စပ်စပ်လေ့လာ သိရှိထားရန် လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများ အပေါ်တွင် မိမိတို့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြောဆိုပြုမူ ဆောင်ရွက်ချက်များသည် မလျော်ဩဇာသုံးသည့်သဘောမျိုး မသက်ရောက်စေရန် သတိကြီးစွာထားရန် လိုအပ်သည်ကို မှာကြားလိုကြောင်း။

ဒီမိုကရေစီစနစ် ဆိုသည်မှာ ပြည်သူကအုပ်ချုပ်သည့် စနစ်ဟု ပြောနိုင်ကြောင်း၊ နိုင်ငံသားများ အားလုံး လွှတ်တော်ထဲတွင် လာရောက်မထိုင်နိုင်သည့်အတွက် ၎င်းတို့၏ကိုယ်စား ရွေးချယ်တင်မြှောက် စေလွှတ်သည်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူက ပေးအပ်စေခိုင်းသည်များကို တာဝန်ဟုခံယူပြီး ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ ပြည်သူများ ခံစားတွေ့ကြုံနေရသည့် အခက်အခဲများကို ပြည်သူနှင့်ထပ်တူခံစားပြီး ပြည်သူ့အကျိုးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ထဲကို ရောက်ရှိလာကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးသည် ယခုဆိုလျှင် တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေကြသူများ ဖြစ်ကြကြောင်း၊ ဖြတ်သန်းလာကြသည့် နယ်ပယ်အသီးသီးသည် မတူညီကြသော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများကို ပြဋ္ဌာန်းမည်၊ မေးခွန်းများ၊ အဆိုများကို မေးမြန်းတင်သွင်းကြမည်ဆိုသည့် ရည်မှန်းချက်ချင်း တူညီကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အကြား ဥပဒေပြုရေး၊ မေးခွန်းများ၊ အဆိုများ ဆွေးနွေးရေးများနှင့် ပတ်သက်ပြီး အမြင်မတူသည်များ၊ သဘောထားကွဲလွဲသည်များ ရှိနေမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကိုရှေးရှုညှိနှိုင်းပြီး ဆွေးနွေးအဖြေရှာ သွားကြရမည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်သည် သက်ဆိုင်ရာနိုင်ငံရေးပါတီများ ရှိကြသော်လည်း ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်ဆိုသည့် ခံယူချက်ထားရှိပြီး အပြန်အလှန်လေးစားမှုဖြင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများကို ကိုယ်စားပြုသည့် လွှတ်တော် ဖြစ်သည်နှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် လွှတ်တော်အစည်းအဝေးရပ်နားထားစဉ်တွင် ဒေသခံပြည်သူများ ပေးအပ်မည့် တာဝန်များကို အကောင်အထည်ဖော်ဆောင် ပေးနိုင်ရန်အတွက် ပြည်သူများ၏အသံကို နားထောင်ပြီး ပြည်သူများ၏ နေ့စဉ်ဘဝများကိုထိတွေ့ကာ ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒများကို လွှတ်တော်ထဲအထိရောက်အောင် သယ်ဆောင်၍ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ တင်သွင်းနိုင်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုကြောင်း။

ပြည်သူ့ အကျိုးစီးပွားကို မြင့်မြင့်မားမားဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောပြီး ဒီမိုကရေစီအောင်ပန်းကို ဆွတ်လှမ်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်းပြောကြားရင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့ သက်ဆိုင်ရာဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိပါစေဟု ဆုမွန်ကောင်းတောင်းအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

## သရက်မြို့၌ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိ

**သရက် ဧပြီ ၈**

မကွေးတိုင်းဒေသကြီး သရက်မြို့ ခရိုင်ပြည်သူ့ဆေးရုံတွင် အပူဒဏ်ကာကွယ်ရေး လုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းမှ စတင်ကာ ကြိုတင်ပြင်ဆင်များ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါပူပြင်းသည့် နွေရာသီကာလဖြစ်ပါ၍ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများဖြင့် ပြည်သူ့ဆေးရုံများသို့ လာရောက်ပြသသော လူနာများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သရက်မြို့ ပြည်သူ့ဆေးရုံတွင် လူနာများလက်ခံကုသပေးမည့် နေရာများ ကြိုတင်ပြင်ဆင်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းထားရှိခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိစေရေးအတွက် အပူဒဏ်အန္တရာယ် လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်းလမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း အပါအဝင် အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေး ပြဿနာများ ကာကွယ်ကုသရေးအတွက် လုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၈**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ရောက်ရှိကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို စတင်ကျင်းပသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြဝတီတေးဂီတအဖွဲ့က "ကကပြည်ရဲ့ မြဝတီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ မှတ်တမ်းဗီဒီယိုကို ပြသသည်။

**အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကုန်လွန်ခဲ့သည့်နှစ်တစ်နှစ် (သို့မဟုတ်) ကျန်ရစ်ခဲ့သည့် ရက်စွဲတစ်ခုသည် နောင်လာမည့်ကာလများအတွက် သမိုင်းမှတ်တမ်းများပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏သမိုင်းကို ပြန်ကြည့်မည်ဆိုပါက တပ်မတော်၏ မှတ်တမ်းပုံရိပ်များကိုလည်း ပူးတွဲတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူ တပ်မတော်၏သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ သမိုင်းကြောင်းကို ပြန်ကြည့်ပါက ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် "ပညာရေးဌာနစု" အဖြစ် စတင်ပေါ်ပေါက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၁၉၅၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် "ပညာရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး"၊ ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁ ရက်တွင် "ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး" အဖြစ် ခေတ်ကာလနှင့်အညီ အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ မျက်မှောက်ကာလတိုင် ရှည်လျားသည့် သမိုင်းခရီးစဉ်တစ်လျှောက် နိုင်ငံတော်၏ ခရီးလမ်းအသွယ်သွယ်ကို အခြားလက်ရုံးတပ်များနည်းတူ ပါဝင်ဖြတ်ကျော်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သမိုင်းကပေးသည့် အတွေ့အကြုံများအရ လိုအပ်သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဆိုင်ရာ တပ်ဖွဲ့များကို အဆင့်ဆင့်ဖွင့်လှစ်ခဲ့ပြီး ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေးနှင့် ပညာရေးတာဝန်များကို အတိတ်သမိုင်းမှစ၍ ယနေ့ထက်တိုင် ကြိုးပမ်းထမ်းရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ လိုအပ်ချက်အရ ခေတ်ကာလတစ်လျှောက် မည်သို့ပင် အမည်နာမများ ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခဲ့သော်လည်း မူလရည်မှန်းချက် တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊ စည်းရုံးရေး၊ ပညာပေးရေးဆိုသည့် လုပ်ငန်းတာဝန်လေးရပ်ကို ကျေပွန်စွာ ကြိုးစားအကောင်အထည်ဖော်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေး (Public Relations)နှင့်စိတ်ဓာတ်စစ်ဆင်ရေး (Psychological Warfare)ဆိုသည့် အသုံးအနှုန်းနှင့်ပတ်သက်ပြီး ပြောရမည်ဆိုပါက ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ အဖွဲ့အစည်းတစ်ခုနှင့် လူထုအကြား အပြန်အလှန်အကျိုးရှိသည့် ဆက်ဆံရေးကို ထူထောင်ရသည့် ဆက်သွယ်ရေးမဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်ကြောင်း၊ စိတ်ဓာတ်စစ်ဆင်ရေးဆိုသည်မှာ တပ်မတော် (ကြည်း၊ ရေ၊ လေ) အင်အားစုကြီး တစ်ခုလုံးကို စိတ်ဓာတ်နှင့် တည်ဆောက်ပြီး ပြည်သူကြားက မွေးဖွားလာသည့် တပ်မတော်နှင့် ပြည်သူကို တစ်သားတည်းဖြစ်စေသည်အထိ စွမ်းပကား ကြီးမားကြောင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့ဖြစ်စဉ်များကို လေ့လာကြည့်ပါက နိုင်ငံအသီးသီး၏ ပညာရေးစနစ် အခြေခံခိုင်မာမှုရှိ၊ မရှိဆိုသည်ကို စိန်ခေါ်မှုများစွာဖြင့် နေ့စဉ်ဆန်းစစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ပညာပြည့်ဝသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်သကဲ့သို့နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများအတွက်လည်း ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်များ များစွာရှိနေရန် လိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက် ပညာရေးတပ်၊ ကျောင်းများ၏ အခန်းကဏ္ဍသည် အဓိကအရေးပါသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သမိုင်းကိုပြန်ကြည့်ပါက ၁၉၅၄ ခုနှစ် စက်တင်ဘာလတွင် တပ်မှူးများညီလာခံမှ စတင်အသက်ဝင်ခဲ့သည့် တပ်မတော်သားတိုင်း အရေး၊ အဖတ်၊ အတွက် "အ" သုံးလုံးကျေ ပညာရပ်များကို တတ်မြောက်ရမည်ဆိုသည့် မူဝါဒကို ထိုစဉ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့အချိန်အခါတွင်လည်း တပ်မတော် ပညာရေးကျောင်းများကို ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးက တာဝန်ယူပြီး ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံတော်၏ ဒေသအနှံ့တွင် ကျရာတာဝန်ကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ တိုက်ပွဲကျဆုံးနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများ၏ သားသမီးများ၏ ပညာရည်မြင့်မားစေရန်အတွက် "တပ်မတော် ကလေးကျောင်း" များကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ၁၉၅၂ ခုနှစ်မှ စတင်ဖွင့်လှစ်ပညာသင်ကြားခဲ့ကြောင်း၊ ယနေ့အခါတွင် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် အခြေခံပညာကျောင်းများအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီး နိုင်ငံတော်၏ ပညာရည်မြင့်မားရေးကို အားဖြည့်ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေရမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားရမည့် တပ်မတော်တစ်ရပ် အနေဖြင့် အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားရေးသည် အရေးကြီးဆုံးအချက်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစတင်၍ ပညာရေးနှင့် ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကိုစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါပညာရေးကဏ္ဍသစ်မှာ တပ်မတော်တွင် စစ်မှုထမ်းဆောင်ဆဲ တပ်မတော်သား အရာရှိ၊ စစ်သည်များ၏ သား၊ သမီးများ၊ တပ်မတော်သားအငြိမ်းစား အရာရှိ၊ စစ်သည်များ၏ သား၊ သမီးများနှင့် ကျဆုံးသွားကြသော တပ်မတော်သား အရာရှိ၊ စစ်သည်များ၏ သား၊ သမီးများ၏ ပညာရေးကို စဉ်ဆက်မပြတ် တာဝန်ယူ စောင့်ရှောက်နိုင်ရန် တပ်မတော် လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့်နေပြည်တော်တွင် စတင်ဖွင့်လှစ်ပြီး အခြေခံပညာအထက်တန်းအဆင့် ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၁၁ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးထံ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက နှစ်ပတ်လည်နေ့အထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။

*စာမျက်နှာ ၁၀ မှ*

ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ် ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည် ဖြစ်ကြောင်း၊ အတန်းစဉ်ကူးပြောင်းမှု ကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့်ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော် ဆေးဘက်ဆိုင်ရာ ပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းများအထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေးမှုများနှင့် ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ကို ပြောကြားလိုကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များသည် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စာပေ၊ ဂီတ၊ မီဒီယာ စသည့် သဘောသဘာဝအပေါ် အခြေခံပြီး ဖွဲ့စည်းထားသော တပ်ဖွဲ့များဖြစ်ခြင်းကြောင့် တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်မှုရှိစေရေးသည် အရေးကြီးသည့်အချက်ပင် ဖြစ်ကြောင်း၊ ပေးအပ်လာသော တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက်ကောင်းအားထက် စုပေါင်းအားကို အဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း။

စစ်ဘက် - အရပ်ဘက် ဆက်ဆံရေး ပိုမိုရေရှည်တည်တံ့ခိုင်မာရေးအတွက် အဓိကအရေးပါသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက် တပ်များအတွက် လိုအပ်သည့် အသွင်သဏ္ဌာန်ပိုင်းနှင့် အနှစ်သာရပိုင်းများကိုလည်း ပိုမိုခေတ်မီတိုးတက်အောင် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ လက်ရှိနိုင်ငံတော်အစိုးရသစ်လက်ထက်တွင်လည်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များ၏ စွမ်းပကားနှင့်နိုင်ငံ့အရေးအတွက် ဆက်လက်အားဖြည့်ကူညီကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန်လည်း အလေးအနက်ထား မှာကြားလိုကြောင်း။

ထို့ကြောင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတပ်ဖွဲ့၏ လေးမြတ်သည့် ဂုဏ်ဒြပ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်များအပေါ် ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်ရင်း မိမိ၏ဂုဏ်၊ တပ်ဖွဲ့၏ဂုဏ်ကို မြှင့်တင်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ၂၀၂၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု ဝတ္ထုတိုပေါင်းချုပ် (ပထမ) ဆုရရှိသူ ဗိုလ်မှူးရာဇာအောင်၊ ၂၀၂၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု ကဗျာပေါင်းချုပ်(ဒုတိယ)ဆုရရှိသူ ဒုတိယအရာခံဗိုလ်/စာရေး ဇော်မင်းထက်၊ ၂၀၂၄ ခုနှစ် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ် (ဒုတိယ)ဆုရရှိသူ ဗိုလ်မှူးကျော်ရဲသိန်းနှင့် ၂၀၂၄ ခုနှစ် စာပေဗိမာန်စာမူဆု နိုင်ငံရေးစာပေဆု (ဒုတိယ) ဆုရရှိသူ ဗိုလ်ကြီးအောင်မျိုးဝင်းတို့က ဆုများအသီးသီးလက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးအပ်ချီးမြှင့်သည့် (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၉ သိန်းကို ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက နှစ်ပတ်လည်နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြဝတီတေးဂီတအဖွဲ့နှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ရုပ်ရှင်နှင့်သဘင်ဂီတ အနုပညာရှင်များ ပူးပေါင်း၍ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းကိုလည်းကောင်း ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အခမ်းအနား အပြီးတွင် ကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြား (နေပြည်တော်) ထုတ်လွှင့်ရေး စက်ရုံအတွင်းရှိ TV Studio အတွင်း Program ရိုက်ကူးမှုများ၊ Master Control Room အတွင်းရှိ စက်ပစ္စည်းများ၏ လုပ်ဆောင်ချက်များ၊ နေ့စဉ်ထုတ်လွှင့်လျက်ရှိသည့် သတင်းအစီအစဉ်များအား လက်တွေ့ရိုက်ကူးမှုများနှင့် ရုပ်မြင်သံကြားအစီအစဉ် ထုတ်လွှင့်ခြင်းများကို လိုက်လံကြည့်ရှုကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းတို့အား လှည့်လည်ကြည့်ရှု၍ ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့်အတူ နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာကို အတူတကွ သုံးဆောင်သည်။

ယင်းနောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသည့် Signing Board တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ပြန်လည်ထွက်ခွာရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက နှုတ်ဆက်ကြသည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးသည် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် မြန်မာ့လွတ်လပ်ရေးသမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပြီး ခေတ်အဆက်ဆက် တပ်မတော်၏ သမိုင်းတစ်လျှောက်တွင် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊ တပ်မတော်သားများအတွက် ပညာရေးနှင့် စည်းရုံးရေးလုပ်ငန်းများကို အောင်မြင်ကျေပွန်စွာ ထမ်းရွက်ခဲ့သကဲ့သို့ အနာဂတ်ကာလများတွင်လည်း နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်၍ တာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြဝတီရုပ်မြင်သံကြား(နေပြည်တော်) ထုတ်လွှင့်ရေးစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစဉ်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၈**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ရဲရင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ ထူးချွန်ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ မြဝတီ/ ငွေတာရီ/သုတအလင်းမဂ္ဂဇင်း အကောင်းဆုံးကာတွန်းဆု၊ ကဗျာဆု၊ ဆောင်းပါးဆု၊ ဝတ္ထုတိုဆုနှင့် ဝတ္ထုရှည်ဆု ရရှိကြသူများ၊ ပြည်တွင်း/ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးက တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်များနှင့် မြဝတီစာပေတိုက်တို့တွင် (၁၀)နှစ်တိုင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကိုလည်းကောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်များ၊ မြဝတီစာပေတိုက်နှင့် မြဝတီသတင်းစာတိုက်တို့မှ ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကိုလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။



အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# EV သက်တမ်းရှည်စေဖို့ နည်းလမ်းတကျ သုံးစွဲစို့

အောင်ဇေယျဟိန်း

**ယနေ့ ကမ္ဘာ့မြို့ကြီးများကို Cyber City၊ Smart City နှင့် AI City များအဖြစ် နည်းပညာအဆင့်မြင့်တင်တည်ထောင်လာမှုများ၊ ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကို လျော့ချတိုက်ဖျက်နိုင်ရေး ၂၀၅၀ ပြည့်နှစ် ကာဗွန်ကင်းစင်ရေး ကမ္ဘာ့ပန်းတိုင်အရ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတို့၌ ရုပ်ကြွင်းလောင်စာများအား မဟာဗျူဟာမြောက်လျော့ချသုံးစွဲလာမှုများ၊ တစ်ဖန် ကမ္ဘာ့စွမ်းအင်အကျပ်အတည်းနှင့် နှစ်သက်တမ်းကန့်သတ်ချက်ရှိသော ရုပ်ကြွင်းလောင်စာများ လျော့နည်းရှားပါးလာမှုတို့ကြောင့် အစိမ်းရောင်စွမ်းအင်သုံး လျှပ်စစ်ကား(EV)သုံးစွဲမှုများ သိသာစွာ ရေပန်းစားလာပါ၏။ ကမ္ဘာ့ EV နည်းပညာဖွံ့ဖြိုးမှုအရှေ့များ အံ့မခန်း မြန်ဆန်လာကာ ဈေးကွက်ယှဉ်ပြိုင်မှုစစ်ပွဲများ ပြင်းထန်လာပြီး EV ရောင်းချရမှု ရာခိုင်နှုန်းများ သိသာစွာ မြင့်တက်လာပါသည်။**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီက ၂၀၅၀ ပြည့်နှစ် လမ်းပြမြေပုံနှင့် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းကော်မတီ ငါးခုတို့က ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်တွင် EV ကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး မြို့ကြီးများ၌ ပြည်သူများ၏ EV သုံးစွဲမှုများ တစ်ရှိန်ထိုး မြင့်တက်လာသည်ကို ထင်ရှားစွာ တွေ့မြင်လာရပါသည်။

သို့ဖြစ်ရာ ပြည်သူတို့ EV သုံးစွဲမှုမှ အကျိုးကျေးဇူးများရရှိနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းရှည်ကြာ သုံးစွဲနိုင်စေရေးတို့အတွက် EV နည်းပညာများ၊ နည်းလမ်းတကျ သုံးစွဲမှုများနှင့် အလေ့အကျင့်ကောင်းများကို ပြည်သူများအကြား ပြန့်ပွားသွားအောင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရန် လိုအပ်လာရာ ဤဆောင်းပါးဖြင့် တင်ပြရခြင်းဖြစ်ပါ၏။

### EV ရဲ့ အသက်ဟာ ဘက်ထရီပါ

အမှန်စင်စစ်တွင် EV ၏ အသက်တမျှ အရေးအကြီးဆုံး အစိတ်အပိုင်းမှာ လူသား၏ နှလုံးနှင့် တန်းတူတင်စားနိုင်သည့် ဘက်ထရီပင်ဖြစ်၏။ လူသားတစ်ဦးအတွက် နှလုံး၏ ကျန်းမာရေးသည် အသက်ရှင်သန်မှုအတွက် အရေးအကြီးဆုံးဖြစ်ပါသည်။ နှလုံးရောဂါရှိနေသူတစ်ဦး၏ ကျန်းမာရေးစောင့်ရှောက်မှုစရိတ် မြင့်မားသလို သွားလာ၊ နေထိုင်မှုများတွင် ကြောင့်ကြစိုးရိမ်မှုများ ရှိနိုင်ပါ၏။ အလားတူ EV ဘက်ထရီ၏ ကျန်းမာရေးသည် ကား၏ သက်တမ်းနှင့် စွမ်းဆောင်ရည်၊ မကြောင့်မကြ သွားနိုင်သော ခရီးမိုင်နှင့် ရေရှည်ကုန်ကျစရိတ်များ အပေါ် တိုက်ရိုက်သက်ရောက်မှု ရှိနေပါသည်။

EV ဘက်ထရီကို လီသီယမ်ဖြင့် အဓိကဖွဲ့စည်းတည်ဆောက်ထားရာ အကြိမ်ကြိမ်အားသွင်း-အားပြန်ထုတ်ခြင်းများက အတွင်းရှိ ကုန်ကြမ်းပစ္စည်းများကို ပြောင်းလဲစေပြီး အချို့သော လီသီယမ်တို့သည် အသုံးပြုနေစဉ် လွတ်လပ်စွာ မရွေ့လျားနိုင်တော့ဘဲ ရုပ်တန့်ပိတ်ဆို့သွားကြ၏။

၎င်းပိတ်ဆို့လီသီယမ်များက ဘက်ထရီကျန်းမာရေးကို ထိခိုက်၍ စွမ်းရည်ကျဆင်းသွားစေပြီး ခရီးမိုင်သွားနိုင်စွမ်းကို လျော့နည်းစေပါ၏။ EV ဘက်ထရီကျန်းမာရေးအခြေအနေ (State of Health-SOH)ကို ရာခိုင်နှုန်းဖြင့် ဖော်ပြလေ့ရှိပါသည်။ သာဓကအားဖြင့် EV ဘက်ထရီစွမ်းအင်နှုန်းသည် ၆၀ ကီလိုဝပ်နာရီ (kWh) ရှိပြီး ကျန်းမာရေး (SOH) အခြေအနေ ၆၆ ရာခိုင်နှုန်းဟု ဖော်ပြလျှင် ၄၀ ကီလိုဝပ်နာရီအထိသာ အားသွင်းသုံးစွဲနိုင်ပါမည်။ ဘက်ထရီစွမ်းရည်ကျဆင်းရာက နောက်ဆုံးတွင် စွမ်းရည်မဲ့ပြီး မော်တာနှင့် လျှပ်စစ်စနစ်များ အလုပ်မလုပ်နိုင်တော့လျှင် EV ကို ဆုံးရှုံးသွားပါမည်။ လူတွင် ကျန်းမာရေးထိခိုက်စေသော အလေ့အကျင့်များက နှလုံးရောဂါဖြစ်စေနိုင်သလို EV တွင် မသင့်လျော်သည့် သုံးစွဲမှုအလေ့အကျင့်များက ဘက်ထရီကို ဆိုးရွားစွာ ထိခိုက်စေနိုင်၏။

မောင်းနှင်ချိန်၊ ရပ်နားချိန်နှင့် အားသွင်းချိန်တို့၌ EV ကို နည်းစနစ်တကျ သုံးစွဲရန်လိုအပ်၏။ အမှန်တကယ်တွင် ယင်းနည်းစနစ်များအတိုင်း ဆောင်ရွက်ရသည်မှာ အပန်းမကြီးလှ။ ခက်ခက်ခဲခဲ ဆောင်ရွက်ရန် မလိုအပ်သော်လည်း အလေ့အကျင့်ကောင်းများဖြစ်သည်အထိ အလေးထားလျက် ဆောင်ရွက်သွားရန်သာ လိုအပ်ပါသည်။ ၎င်းတို့ကို မသိ၍ဖြစ်စေ၊ သိသော်လည်း အလေးမထား ပေါ့ပေါ့ဆဆ သုံးစွဲမိ၍ဖြစ်စေ ဘက်ထရီသက်တမ်းတိုခြင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများကို လက်ယပ်၍ ဖိတ်ခေါ်သလို ဖြစ်နေပါမည်။

EV သက်တမ်းရှည်စေရေးအတွက် ဘက်ထရီသက်တမ်းကို မြန်မြန်ဆန်ဆန် ကျဆင်းစေသည့် အချက်များဖြစ်သော ကားပြိုင်ပွဲမောင်းသလို အရှိန်ပြင်းထန်စွာ မောင်းနှင်ကာ စွမ်းအင်ချွေတာမှုမရှိခြင်း၊ ပေါ့ပေါ့ဆဆမောင်းခြင်း၊ မဆင်ခြင်ဘဲ အားသွင်းမှုနှင့် ရပ်နားမှုများ၊ ဘက်ထရီကို လွန်ကဲစွာ ပူစေခြင်းနှင့် အေးစေခြင်းတို့ကို ရှောင်ရှားရပါမည်။




ပုံ ၁၊ EV ဘက်ထရီ သံသရာလည်ပုံ။

### EV ဘက်ထရီ သံသရာ

EV လီသီယမ် - အိုင်းယွန်းဘက်ထရီများကို ယေဘုယျအားဖြင့် သက်တမ်း ရှစ်နှစ်မှ ၁၅ နှစ်အထိ (မောင်းနိုင်မှုခရီး ကီလိုမီတာတစ်သိန်းမှ နှစ်သိန်းခန့်အထိ) သုံးနိုင်အောင် အာမခံထုတ်လုပ်ထားပြီး ဘက်ထရီ၏ ပထမသက်တမ်းပင်ဖြစ်၏။ ၎င်းကို ကျော်လွန်ပြီးနောက် ဘက်ထရီစွမ်းရည် ၇၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းခန့်သာ ကျန်ရှိလျှင် ဘက်ထရီ၏ ဒုတိယသက်တမ်းအဖြစ် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်သုံးနှင့် နေအိမ်သုံး ဘက်ထရီစနစ်များတွင် ဆက်လက်သုံးနိုင်၏။ သို့ဖြစ်ရာ ယင်းစွမ်းရည်ကျဘက်ထရီကို ပြန်လည်အသုံးပြုလိုသည့် လုပ်ငန်းအဖွဲ့အစည်းထံ ပြန်လည်ရောင်းချပြီး EV အသစ်တစ်စီး ဝယ်ယူရန် ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ပါမည်။ ယင်းသို့ ဒုတိယသက်တမ်းအဖြစ် ၁၀ နှစ်ခန့် အသုံးပြုပြီး ဘက်ထရီစွမ်းရည် ၄၀ ရာခိုင်နှုန်းအောက်သို့ ထပ်မံကျဆင်းသွားပါက ၎င်းကို မစွန့်ပစ်ရပေ။ တတိယသက်တမ်းအဖြစ် အဖိုးတန်ဓာတ်သတ္တုများ (လီသီယမ်၊ ကိုဗော့၊ ဂရပ်ဖိုက်၊ နီကယ် စသည်) ပြန်လည်ထုတ်ယူအသုံးချခြင်း (Recycling) ဖြင့် ဘက်ထရီနှင့် အခြားကုန်ထုတ်လုပ်ငန်းများ၌ အသုံးပြုနိုင်ရာ သဘာဝမှ အဖိုးတန်ဓာတ်သတ္တုများ ထုတ်လုပ်ရေးလိုအပ်ချက်ကိုပါ တစ်ပါတည်း လျှော့ချပေးနိုင်ရာ သဘာဝသယံဇာတ ရင်းမြစ်များကိုလည်း ထိန်းသိမ်းစေနိုင်ပါမည်။

သက်တမ်းအလိုက် EV ဘက်ထရီကို အသုံးချနိုင်ပုံနှင့် ဘက်ထရီသံသရာလည်ပုံကို ပုံ ၁ တွင် တင်ပြထားပါသည်။ **EV ဘက်ထရီရှိ အဖိုးတန်သတ္တုပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ Re-cycle လုပ်ငန်းစဉ်များဖြင့် ပြန်လည်ထုတ်ယူရရှိနိုင်ရာ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးဆိုင်ရာ စီးပွားရေးဂေဟစက်ဝန်း(Circular Economy) ဖွံ့ဖြိုးရန် အထောက်အကူပြုပေးနိုင်ပါ၏။ သို့ဖြစ်ရာ EV ဘက်ထရီများကို သက်တမ်းမတိုင်မီ ပျက်စီးခြင်း မဖြစ်အောင် တန်ဖိုးထားလျက် နည်းစနစ်တကျ သုံးစွဲကာ သက်တမ်းကြာရှည်အောင် အလေးထား ဆောင်ရွက်ရန် လိုအပ်လှပေသည်။**

**၁။ EV ကို စနစ်တကျမောင်းခြင်း**

**၁။ (က) ညင်သာစွာ အရှိန်လျှော့မောင်းခြင်း**

EV မောင်းသည့် အရှိန်သည် တစ်နာရီ မိုင် ၅၀ နှုန်းထက်ကျော်လျှင် ကိုယ်ထည်အလေးချိန်ကို ဆွဲရန်ထက် လေထုလွှာအတွင်းရှိ လေခုခံမှုကို ဖောက်ထွက်ရန်အတွက် စွမ်းအင်ကို ပိုမိုအသုံးပြုရ၏။ **EV ၏ အရှိန်ကို ပြင်းထန်စွာ မြှင့်တင်လေ ဘက်ထရီစွမ်းအင်ကို ပိုမိုသုံးစွဲရလေဖြစ်၍ ပိုမိုမြန်ဆန်စွာအားကုန်ပြီး သွားနိုင်သည့် ခရီးမိုင်လျော့နည်းသွားပါမည်။ သို့ဖြစ်ရာ အရေးမကြီးလျှင် ပုံမှန်နှုန်းဖြင့် ညင်သာစွာ အရှိန်လျှော့မောင်းပါက ဘက်ထရီသက်တမ်း ပိုမိုကြာရှည်ခံသည့် အကျိုးကျေးဇူးကို ရရှိစေပါမည်။ သို့ဖြစ်ရာ ညင်သာသော အရှိန်လျှော့မောင်းမှုပုံစံကို ကျင့်သုံးပါ။** သာဓကအားဖြင့် အရှိန်သတ်မှတ်ချက် ၇၅ မိုင်နှုန်းတွင် ခရီးမိုင်

*စာမျက်နှာ ၁၃ သို့*

❖ **EV ဘက်ထရီရှိ အဖိုးတန်သတ္တုပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ Recycle လုပ်ငန်းစဉ်များဖြင့် ပြန်လည်ထုတ်ယူရရှိနိုင်ရာ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးဆိုင်ရာ စီးပွားရေးဂေဟစက်ဝန်း(Circular Economy) ဖွံ့ဖြိုးရန် အထောက်အကူပြုပေးနိုင်ပါ၏။ သို့ဖြစ်ရာ EV ဘက်ထရီများကို သက်တမ်းမတိုင်မီ ပျက်စီးခြင်း မဖြစ်အောင် တန်ဖိုးထားလျက် နည်းစနစ်တကျသုံးစွဲကာ သက်တမ်းကြာရှည်အောင် အလေးထားဆောင်ရွက်ရန် လိုအပ်**

❖ **EV၏ အရှိန်ကို ပြင်းထန်စွာမြှင့်တင်လေ ဘက်ထရီစွမ်းအင်ကို ပိုမိုသုံးစွဲရလေဖြစ်၍ ပိုမိုမြန်ဆန်စွာ အားကုန်ပြီး သွားနိုင်သည့် ခရီးမိုင်လျော့နည်းသွားပါမည်။ သို့ဖြစ်ရာ အရေးမကြီးလျှင် ပုံမှန်နှုန်းဖြင့် ညင်သာစွာ အရှိန်လျှော့မောင်းပါက ဘက်ထရီသက်တမ်း ပိုမိုကြာရှည်ခံသည့် အကျိုးကျေးဇူးကို ရရှိစေပါမည်**

စာမျက်နှာ ၁၂ မှ

ပိုမိုသွားနိုင်စေရန် ၆၅ မိုင်နှုန်းဖြင့်သာ မောင်းပါ။

ထိုသို့ ပြုလုပ်ရန် အလိုအလျောက် အရှိန်ထိန်းချုပ်စနစ် (Cruise Control) ကို အသုံးပြုလျှင် ယာဉ်မောင်းက EV ကို ထိန်းချုပ်မှုမလိုဘဲ အန္တရာယ်ကင်းရှင်းအောင် သတ်မှတ်အရှိန်အတိုင်း ထိန်းမောင်းပေးပါမည်။ အဆိုပါစနစ်အတွက် ခလုတ်မှာ စတီယာရင်တွင် ပါလေ့ရှိပြီး မောင်းနှင်စဉ် ယာဉ်မောင်းရှေ့ ဒိုင်ခွက်ပေါ်တွင်လည်း ပုံ ၂ တွင် ဖော်ပြပါအတိုင်း တွေ့မြင်နိုင်ပါသည်။




ပုံ ၂။ အလိုအလျောက်အရှိန်ထိန်းချုပ်စနစ်ကို တွေ့မြင်ရစဉ်။




ပုံ ၃။ လိုက်လျောညီထွေအရှိန်ထိန်းချုပ်စနစ်ကို တွေ့မြင်ရစဉ်။

EV အတော်များများတွင် ပုံ ၃ တွင် ဖော်ပြပါအတိုင်း လိုက်လျောညီထွေ အရှိန်ထိန်းချုပ်စနစ် (Adaptive Cruise Control–ACC) ပါဝင်ပြီး ၎င်းသည် မောင်းနှင်မှုလမ်းညွှန်စနစ်၊ ယာဉ်ကြောပိတ်ဆို့မှုအခြေအနေနှင့် ရေဒါ၊ ကင်မရာ၊ အာရုံခံကိရိယာများမှ အချက်အလက်များအရ မည်သို့မောင်းသင့်သည်ကို ကြိုတင်သတ်မှတ်ပေးပြီး အန္တရာယ်ကင်းမည့် အကွာအဝေးအလိုက် အရှိန်နှင့် အကွာအဝေးတို့ကို ထိန်းချုပ်ပေးခြင်း၊ ဘရိတ်အုပ်ခြင်းတို့ကို အလိုအလျောက် လုပ်ဆောင်ပေး၏။ ရှေ့တွင် တောင်ဆင်းလမ်းရှိနေပါက ၎င်းစနစ်က လီဗာကို လျှော့ချပေးပြီး ကမ္ဘာ့မြေဆွဲအားဖြင့် ယခင်အရှိန်ကို ဆက်လက်ထိန်းထားပေးခြင်း၊ ရှေ့တွင် အခြားယာဉ်ရှိလျှင် အရှိန်လျှော့ချပေးခြင်း၊ ယာဉ်ကြောအခြေအနေအရ အဝေးပြေးလမ်းမှ တိုးဂိတ်ထွက်ပေါက်မရောက်မီ အရှိန်ကို စတင်လျှော့ချပေးခြင်းတို့ကို အလိုအလျောက် လုပ်ဆောင်ပေး၏။

အဆိုပါ လိုက်လျောညီထွေ အရှိန်ထိန်းချုပ်စနစ် (ACC)ထက် ပိုမိုအဆင့်မြင့်သော အသိဉာဏ်ရှိ အရှိန်ထိန်းချုပ်စနစ် (Intelligent Cruise Control–ICC)လည်းရှိ၏။ ယင်းသည် အဆင့်–၂ ရှိ တစ်စိတ်တစ်ပိုင်း မောင်းသူမဲ့စနစ်ဖြစ်၍ လိုက်လျောညီထွေ အမြန်နှုန်းထိန်းချုပ်မှု၊ မောင်းသူ၏ စတီယာရင် လှုပ်ရှားမှု၊ လမ်းအနိမ့်အမြင့်နှင့် မြေပုံတို့ကို ပေါင်းစပ်ပြီး သတ်မှတ်အရှိန်နှုန်းအမျိုးမျိုးကို အလိုအလျောက်ထိန်းချုပ်ပေးနိုင်ရာ ခရီးဝေးများအတွက် သုံးစွဲရန် အထူးသင့်တော်ပါသည်။

**၁။ (ခ) ဘရိတ်အုပ်ရင်း အားပြန်သွင်းခြင်း**

EV ရှိ ပင်ကိုစွမ်းဆောင်နိုင်မှုမှာ ဘရိတ်အုပ်ရင်း အားပြန်သွင်းခြင်း(Regenerative Braking) ဖြစ်၏။ EV မောင်းဖို့ အားသွင်းပေးရသော်လည်း ဘရိတ်အုပ်လျှင် အလိုအလျောက် အားပြန်သွင်းမှုက ထူးကဲသည့် အားသာချက်ဖြစ်၏။ ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို မော်တာက ရွေ့လျားစွမ်းအင်သို့ ပြောင်းလဲပေး၍ EV မောင်းနိုင်၏။ ဘရိတ်အုပ်လျှင် မော်တာက လျှပ်ထုတ်စက်အဖြစ် ပြောင်းပြန်လုပ်ဆောင်၍ ရွေ့လျားစွမ်းအင်ကို လျှပ်စစ်စွမ်းအင်သို့ ပြန်လည်ပြောင်းလဲပေးရာ ဘက်ထရီကို အားပြန်သွင်းရင်း ယာဉ်ရပ်တန့်စေ၏။ ဤသို့ အသွားနှစ်ဖက်စလုံး မော်တာက လုပ်ဆောင်ပေး၍ လောင်စာဆီသုံးကားဆိုလျှင် အလဟဿဖြစ်မည့် စွမ်းအင် ၂၂ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအထိ EV သုံးစွဲမှုမှ အကျိုးကျေးဇူးအဖြစ် ပြန်လည်ရရှိစေနိုင်၏။

အချို့ EV များတွင် မြို့တွင်းမောင်းရန် ခြေနင်းတစ်ခုတည်းမောင်းနှင်မှုစနစ် (One Pedal သို့မဟုတ် e-pedal Driving) ပါဝင်ပြီး အရှိန်တင်ခြင်းနှင့် ဘရိတ်အုပ်ခြင်းအတွက် လီဗာတစ်ခုတည်းကိုသာ သုံး၍ ယာဉ်မောင်းက လီဗာကိုလွှတ်လိုက်သောအခါ မော်တာများသည် လျှပ်ထုတ်စက်အဖြစ် ပြောင်းပြန်အလုပ်လုပ်ပြီး ကားကို ပုံမှန်အတိုင်း ရပ်တန့်စေ၏။ **၎င်းစနစ်ကို အလွန်အကျွံသုံးလျှင် ဘေးအန္တရာယ်ကင်းရှင်းမှုနည်းပါးစေကြောင်း၊ အသုံးပြုဖန်များလာပါက အလေ့အထဆိုးအဖြစ် အရေးပေါ်အခြေအနေတွင် ဘရိတ်ခြေနင်းကို နင်းရန် နှောင့်နှေးလာကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံတွင် ၂၀၂၇ ခုနှစ်မှစ၍ ၎င်းစနစ်ကို ပြဋ္ဌာန်းချက်အမှတ် GB 21670–2025 ဖြင့် မသုံးရန် တားမြစ်ထားပါသည်။**




ပုံ ၄။ ဒစ်ဂျစ်တယ်မျက်နှာပြင်ပေါ်ရှိ Eco Mode ကို တွေ့ရစဉ်။

**၁။ (ဂ) အရှိန်ဖြင့် လွှတ်မောင်းခြင်း**

အကယ်၍သင့် EV တွင် ဘရိတ်အုပ်ရင်းအားသွင်းခြင်းစနစ် ချို့ယွင်းနေလျှင်(သို့မဟုတ်) မထိရောက်လျှင် ဘက်ထရီစွမ်းအင်ချွေတာရေးအတွက် အရှိန်ဖြင့် လွှတ်မောင်းခြင်းကို သုံးနိုင်၏။ **၎င်းသည် ဘရိတ်နင်းရမည့်အမှတ်သို့ မရောက်မီ အဝေးကတည်းက လီဗာကို လွှတ်လိုက်ပြီး ကား၏လိမ့်ထွက်သွားသော အရှိန်ဖြင့် ဆက်သွားစေသည့်စနစ်ကို ဆိုလိုသည်။** ၎င်းသည် မြို့တွင်းဝန်းကျင်၌ ယာဉ်ကြောပိတ်ဆို့မှုရှိရာ မောင်းရန် လက်တွေ့မကျသော်လည်း အဝေးပြေးလမ်းများတွင်သုံးလျှင် ရွေ့လျားစွမ်းအင်မှ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲရာတွင် စွမ်းအင်ဆုံးရှုံးမှုမရှိရာ ဘရိတ်အုပ်ရင်း အားသွင်းခြင်းစနစ်ထက် ပိုမိုထိရောက်ပါသည်။

**အမှန်စင်စစ်တွင် ဘရိတ်အုပ်ရင်း အားသွင်းခြင်းနှင့် အရှိန်ဖြင့် လွှတ်မောင်းခြင်းစနစ်နှစ်မျိုးကို ယာဉ်ကြောအခြေအနေအလိုက် တွဲဖက်သုံးနိုင်လျှင် ပိုမိုကောင်းမွန်ပါသည်။** ခရီးဝေးသွားလျှင် ဘရိတ်အုပ်ရင်း အားသွင်းခြင်းစနစ်ကို ပိတ်ထားပါ (သို့မဟုတ်) အနိမ့်ဆုံးအဆင့်တွင် ထားပါ။ မကြာခဏ ရပ်တန့်ရသော မြို့တွင်းယာဉ်ကြောများတွင်မူ ဘရိတ်အုပ်ရင်း အားသွင်းခြင်းကို အမြင့်ဆုံးအဆင့်သို့ ပြောင်းလဲအသုံးပြုပါ။ ၎င်းတွဲဖက်မှုက ခရီးမိုင်အများဆုံးသို့ ရောက်ရှိစေ၏။

**၁။ (ဃ) Eco Mode ကို အသုံးပြုခြင်း**

EV အသစ်များအားလုံးတွင် မောင်းနှင်မှုနှင့် လမ်းအခြေအနေတို့အပေါ် မူတည်၍ စွမ်းရည်ကို ညှိယူပေးသည့် မောင်းနှင်မှုရွေးချယ်ရန် Mode များ ပါဝင်သည့်အနက် တစ်ခုမှာ Eco Mode ဖြစ်ပြီး အားသွင်းရန် အခက်အခဲရှိလျှင် အကောင်းဆုံး ရွေးချယ်မှုဖြစ်သည်။

အချို့ EV တွင် မောင်းနှင်မှုပုံစံပြောင်းရန် စတီယာရင်ဘီးပေါ်၌ ခလုတ်ရှိ၏။ EV မော်ဒယ်သစ်များတွင် ယာဉ်မောင်းရှေ့ရှိ မောင်းနှင်ထိန်းချုပ်မှု အခြေအနေပြ ဒစ်ဂျစ်တယ်မျက်နှာပြင်ပေါ်တွင် ရွေးချယ်ရသည်။ Eco Mode ကို ဖွင့်ထားပါက စွမ်းအင်ချွေတာရန်အတွက် အမြင့်ဆုံးစွမ်းဆောင်ရည်ကို ကန့်သတ်ခြင်း၊ လေအေးပေးစနစ် ရွေးချယ်မှုများကို ပြောင်းလဲခြင်း၊ လီဗာတုံ့ပြန်မှုကို ညင်သာစေခြင်း (သို့မဟုတ်) ရုတ်တရက် အရှိန်မြှင့်တင်မှုများအား ကန့်သတ်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ သာဓကအနေဖြင့် ပုံ ၄ တွင် EV တစ်စီး၏ မောင်းနှင်ထိန်းချုပ်မှု အခြေအနေပြ ဒစ်ဂျစ်တယ်မျက်နှာပြင်ပေါ်ရှိ Eco Mode ကို တွေ့မြင်ရပါမည်။

**၁။ (င) EV တာယာကို မှန်ကန်စွာ သုံးစွဲခြင်း**

တာယာများသည် လမ်းနှင့် တိုက်ရိုက်ထိတွေ့နေသောကြောင့် ရလဒ်အနေဖြင့် မောင်းနှင်စဉ် ပွတ်တိုက်မှုဒဏ်ကိုခံရသဖြင့် မည်သည့်ယာဉ်အတွက်မဆို အလွန်အရေးကြီးသော အစိတ်အပိုင်းဖြစ်၏။ **EV တွင် လောင်စာဆီသုံး ကားတာယာများကို သုံးစွဲရန် မသင့်လျော်ပါ။ EV တာယာဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် အရည်အသွေးပြည့်မီသော တာယာများကိုသာ သုံးစွဲသင့်၏။**

EV ကားများ၏ အရှိန်မြှင့်တင်မှုသည် အလွန်မြန်ဆန်လှသဖြင့် တာယာနှင့် လမ်းမျက်နှာပြင်ကြားတွင် တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်မှု ပိုမိုများပြားလာနိုင်ရာ ထိုတည်ငြိမ်လျှပ်စစ်များကို မြေပြင်သို့ လုံခြုံစွာစီးဆင်းသွားစေရန် လျှပ်ကူးပစ္စည်း အထူးအလွှာများ ထည့်သွင်းထားပါသည်။ ယင်းအပြင် EV တာယာတွင် ပုံသဏ္ဌာန်ပြောင်းလဲမှုကို အနည်းဆုံးဖြစ်အောင် ဖန်တီးထားကာ လှိမ့်ပတ်ခုခံမှုအား လျှော့ချပေးပြီး စွမ်းအင်ချွေတာမှုကို ရရှိစေ၏။ ထို့ပြင် မြန်နှုန်းမြင့်မောင်းစဉ် တာယာက ယာဉ်၏ အလေးချိန် ဗဟိုချက်ကို ဟန်ချက်ညီညီ ထိန်းထားနိုင်ရန် အထူးပြုလုပ်ထားပါသည်။

EV ၌ အင်ဂျင်သံဆူညံမှုမရှိရာ တာယာများမှ ဆူညံသံကို လျှော့ချရန် တာယာအတွင်းပိုင်း၌ ကပ်ထားသော အသံလုံဖော့နည်းပညာသုံး အမြှုပ်လွှာများက တာယာအတွင်း လေတုန်ခါမှုကြောင့် ထွက်ပေါ်သော အသံများကို စုပ်ယူပေး၏။

ထို့မှမက ဘက်ထရီကြောင့် လောင်စာဆီသုံးကားထက် EV အလေးချိန်သည် ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့်အထိ ပိုမိုလေးလံ၏။ သို့ဖြစ်ရာ EV တာယာသည် အဆိုပါအလေးချိန်နှင့် ရုတ်တရက် ထွက်သောအရှိန်တို့ကို ခံနိုင်ရည်ရှိရန်နှင့် အကောင်းဆုံးသွားနိုင်မည့် ခရီးမိုင်အတွက် လေခွင်းအားစနစ် ကောင်းမွန်ရန်လည်း လိုအပ်ပါသည်။

**ယင်းအပြင် EV တာယာ လေပေါင်မမှန်ကန်ပါက စွမ်းအင်သုံးစွဲမှုကို သိသာစွာမြင့်တက်စေရာ သတ်မှတ်နှုန်းအတိုင်း ရှိ–မရှိ အလေးထားစစ်ဆေးပါ။** ယေဘုယျအားဖြင့် တစ်လက်မပတ်လည်အတွင်းရှိ လေပေါင်နှုန်း (PSI–pound per square inch) သည် ၃၈ မှ ၄၂ ရှိလျှင် ကောင်းမွန်၏။ ၎င်းနှုန်းကို ယာဉ်မောင်းဘက်ခြမ်း တံခါးပေါင်အတွင်းတွင် တွေ့ရှိနိုင်၏။ EV မော်ဒယ်သစ်များတွင် တာယာလေပေါင်ကို ဒိုင်ခွက်ပေါ်တွင်ပင် ပြသပေးရာ စစ်ဆေးရန် ပိုမိုလွယ်ကူစေပါသည်။

အားလုံးကိုခြုံငုံလျက် EV တာယာများ၌ အသံစုပ်ရေမြှုပ်၊ ဝန်လေးခံရော်ဘာဒြပ်ပေါင်းသား၊ အကွေ့များတွင် ကားကို ယိမ်းထိုးမှုလျှော့ချပေးပြီး ခိုင်ခံ့မှုရှိသော တာယာဘေးသားနံရံ၊ ခံနိုင်ရည်အားကောင်းသော သံမဏိကြိုးများ၊ စွမ်းအင်ချွေတာရန် ပွတ်တိုက်မှုနှင့် လှိမ့်ပတ်ခုခံမှုအားတို့ နည်းပါးစေရေးအပြင် မိုးရွာလမ်းများ၌ ရေဖယ်ရှားမှုနှုန်းနှင့် လမ်းကပ်အား ပိုမိုကောင်းမွန်စေပြီး လမ်းချော်မှုမဖြစ်စေသည့် တာယာပန်းပုံစံဖြင့် ပြည့်စုံရပါမည်။

စာမျက်နှာ ၁၄ သို့

"EV တာယာများ၌ အသံစုပ်ရေမြှုပ်၊ ဝန်လေးခံရော်ဘာဒြပ်ပေါင်းသား၊ အကွေ့များတွင် ကားကို ယိမ်းထိုးမှုလျှော့ချပေးပြီး ခိုင်ခံ့မှုရှိသော တာယာဘေးသားနံရံ၊ ခံနိုင်ရည်အားကောင်းသော သံမဏိကြိုးများ၊ စွမ်းအင်ချွေတာရန် ပွတ်တိုက်မှုနှင့် လှိမ့်ပတ်ခုခံမှုအားတို့ နည်းပါးစေရေးအပြင် မိုးရွာလမ်းများ၌ ရေဖယ်ရှားမှုနှုန်းနှင့် လမ်းကပ်အား ပိုမိုကောင်းမွန်စေပြီး လမ်းချော်မှုမဖြစ်စေသည့် တာယာပန်းပုံစံဖြင့် ပြည့်စုံရပါမည်"

# ငလျင်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ (၅)ကြိမ်မြောက် Movement Partner Call ကျင်းပ

**ရန်ကုန် ဧပြီ ၈**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ဆောင်ရွက်နေသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ IFRC Asia Pacific – Partners Call ( Myanmar Earthquake ) Commemorating One Year since the Emergency Appeal –(၅) ကြိမ်မြောက် Movement Partner Call ကို ယမန်နေ့က Hybrid ပုံစံဖြင့် ကျင်းပသည်။(ယာပုံ)

**ဦးဆောင်ဆွေးနွေး**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးညွန့်က အသင်းရန်ကုန်ရုံးခွဲမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)မှ Asia Pacific Regional Director – Mr. Alexander MATHEOU ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ(ICRC) Regional Director ဖြစ်သူ Mr.Regis Savioz တို့က online မှ လည်းကောင်း တက်ရောက်၍ ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de BAECQUE တို့က ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေ အတွင်းရေးမှူးများ၊ လက်ထောက်အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊



ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံကြက်ခြေနီအသင်း၊ နော်ဝေနိုင်ငံ ကြက်ခြေနီအသင်း၊ ဖင်လန်နိုင်ငံကြက်ခြေနီအသင်း၊ ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက်ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၃ မှ*

EV တာယာကို ပုံ ၅ နှင့် ၆ တို့တွင် သာဓကအဖြစ် မြင်နိုင်ပြီး တာယာအမျိုးအစား၊ အရွယ်အစားနှင့် ပန်းပုံစံ၊ သက်တမ်း၊ ဝန်ခံနိုင်ရည်ညွှန်းကိန်းများ၊ အမြန်နှုန်းကန့်သတ်ချက်၊ အသုံးပြုပြီးဖြစ်–မဖြစ်၊ သက်တမ်းလွန်ခြင်း ရှိ–မရှိ၊ ကွဲအက်ခြင်း ရှိ–မရှိ၊ ပုံစံပျက်ယွင်းခြင်း ရှိ–မရှိအခြေအနေတို့ကို သေချာစွာ စိစစ်ရပါမည်။

ခရီးဝေးသွားပါက EV ဘီးအပို ဆောင်ထားသင့်၏။ ထို့အပြင် EV တာယာများကို ရေရှည်အသုံးပြုနိုင်စေရန် ဘီးအားလုံး ဟန်ချက်ညီအောင် အလိုင်းမင့်ချိန်ညှိခြင်းနှင့် လစဉ်ပုံမှန် စစ်ဆေးကာ ကီလိုမီတာ ရှစ်ထောင်မှ တစ်သောင်းခန့်အထိ မောင်းပြီးလျှင် တစ်ကြိမ် ရှေ့၊ နောက်၊ ဝဲ၊ ယာ စသော အစီအစဉ်အတိုင်း တာယာများကို ပြောင်းရွှေ့တပ်ဆင်ပေးရပါမည်။

**၁။ (စ) ကားအတွင်းပိုင်း အပူချိန်ကို ကြိုတင်ညှိထားခြင်း**

EV ဖြင့် စမထွက်မီ အားသွင်းကာ လေပူ (သို့မဟုတ်)လေအေးပေးစနစ်ကို ကြိုတင်ဖွင့်ထားပါ။ သို့မှသာ ဘက်ထရီစွမ်းအင်အပြည့်ဖြင့် နွေးထွေးမှု (သို့မဟုတ်) အေးမြမှုရှိစွာ သက်သောင့်သက်သာ စတင်မောင်းနိုင်ပြီး စွမ်းအင်ချွေတာနိုင်ပါမည်။ အချို့ EV များ၌ အတွင်းပိုင်း အပူချိန်ကို Application များဖြင့်လည်း အလွယ်တကူ ထိန်းချုပ်သုံးစွဲနိုင်ပါသည်။

**၁။ (ဆ) မလိုအပ်သော ဝန်ပိုနှင့် အမိုးစင်များ ဖယ်ရှားခြင်း**

EV တွင် လေခုခံမှု အနည်းဆုံးဖြစ်အောင် လေခွင်းအားစနစ်ပုံစံကို အကောင်းဆုံး ဒီဇိုင်းထုတ်ထားပြီး ခရီးမိုင်ပိုမိုသွားနိုင်ရန် ဖန်တီးထားသည်။ သို့သော် ဝန်ပိုပစ္စည်းများက လေခုခံမှု ၁၅ ရာခိုင်နှုန်းအထိ ပိုမိုမြင့်တက်စေပြီး ဘက်ထရီစွမ်းအင်ကို ပိုမိုသုံးစွဲရ၏။ ထို့ကြောင့် **ခရီးဝေးသွားက ခရီးမိုင်ပိုမိုရရှိစေရန် အမိုးစင်များ၊ မလိုသောပစ္စည်းများနှင့် ဝန်ပိုအလေးချိန်များကို ဖယ်ရှားထားပါ။**

**၁။ (ဇ) မှန်တံခါးများကို ဖွင့်ပြီး မမောင်းခြင်း**

**မှန်တံခါးများကို ဖွင့်မောင်းတိုင်း စွမ်းအင်မချွေတာနိုင်ပါ။ အရှိန်မြင့်မောင်းနှင်စဉ် လေခုခံမှုကို ပိုမိုကျော်လွှားရရာ စွမ်းအင်ပိုမိုသုံးစွဲရပြီး အချို့ယာဉ်များတွင် မှန်တံခါးဖွင့်မောင်းခြင်းက စွမ်းအင်သုံးစွဲမှုကို ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်စေနိုင်၏။** သို့သော် အရှိန်အနိမ့်ဖြင့် မောင်းချိန်၌ လေခုခံမှုနည်းပါးသဖြင့် စွမ်းအင်ပိုမိုသုံးစွဲရမှု မပြောပလောက်ပါ။ EV အမျိုးအစားနှင့် ဒီဇိုင်းအပေါ်တွင်လည်း မူတည်ပါလိမ့်မည်။ မြို့တွင်း၌ မိုင် ၅၀ နှုန်းအောက် မှန်တံခါးများ ဖွင့်မောင်းလျှင် စွမ်းအင်ချွေတာနိုင်ပါမည်။ သို့သော် အဝေးပြေးလမ်းများတွင်မူ အအေးပေးစနစ်ကိုသာ ဖွင့်ထားသင့်၏။

**၁။ (ဈ) ရေလွှမ်းမိုးနေသော လမ်းများပေါ်တွင် အတတ်နိုင်ဆုံး မမောင်းခြင်း**

EV တွင် အလိုအလျောက်ဘေးကင်းစနစ်များနှင့် မိုးရေထဲနှင့် ရေလွှမ်းလမ်းများ၌ မောင်းပါက လောင်စာဆီသုံးကားများထက် အားသာချက်များရှိပြီး ပိုမိုစွမ်းဆောင်နိုင်၏။ သို့ရာတွင် **ရေလွှမ်းလမ်းများ၌ EV ကို အချိန်ကြာကြာမောင်းလျှင် ထိန်းချုပ်နိုင်မှု ဆုံးရှုံးခြင်း (သို့မဟုတ်) ကြီးမားသော ပျက်စီးခြင်းများရှိလာနိုင်၍ ဖြစ်နိုင်လျှင် မမောင်းသင့်ပါ။ ရေအနက်မသိ၊ ရေစီးသန်သော လမ်းများ၌ EV လုံးဝ မမောင်းသင့်ပါ။** မဖြစ်မနေအခြေအနေအရ မောင်းရလျှင် EV ရှေ့မှ ရေလှိုင်းကိုထစေပြီး လျှပ်စစ်အစိတ်အပိုင်းများအတွင်း ရေမဝင်ရောက်စေရန် စိတ်ရှည်ရှည်ဖြင့် အလွန်နှေးနှေးသွားရမည်။ တစ်နာရီလျှင် ၅ ကီလိုမီတာမှ ၁၀ ကီလိုမီတာ (၃ မိုင်မှ ၆ မိုင်)အထိသာ မောင်းရပါမည်။ အရှိန်ပြင်းမောင်းလျှင် လှိုင်းလုံးများက ကားအပေါ်ပိုင်းရှိ ရေစိုမခံနိုင်သော အစိတ်အပိုင်းများအတွင်းသို့ ရေများကို တွန်းပို့(သို့မဟုတ်)လှိုင်းလုံးများက ကားကို မြောက်တတ်စေပြီး ဘီးများကို ချော်ထွက်စေနိုင်၏။ EV ဖြင့် ရေပြင်ကို ဖြတ်ကျော်ရန် ပုံမှန်ထက် ပိုကြာနိုင်ပြီး ဘေးကင်းရေးအတွက် လေအေးပေးစက်ကို ပိတ်ထားကာ ရေပြင်ကို ဖြတ်ကျော်ပြီးနောက် ဘရိတ်ကို ညင်သာစွာနင်းကာ အခြောက်ခံပါ။

**ရေလွှမ်းမိုးနေသော နေရာများတွင် EV မောင်းလျှင် အထူးသတိပြုရမည်များမှာ–**

**ရေပြင်အနက်** – EV မောင်းနိုင်သည့် ရေပြင်အနက်မှာ ဆလွန်းကားဖြစ်လျှင် ၁၀ စင်တီမီတာမှ ၁၅ စင်တီမီတာ ( ၄ လက်မမှ ၆ လက်မ)နှင့် SUV ကားဖြစ်လျှင် ၅၀ စင်တီမီတာ (တစ်ပေခွဲကျော်ခန့်)အထိရှိ၏။ အချို့ကားများက ၎င်းတို့ထက် ပိုမိုခံနိုင်ရည်ရှိနိုင်၏။




ပုံ ၅၊ EV တာယာများရှိ တာယာပန်းသားပုံစံများကို တွေ့မြင်ရစဉ်။




ပုံ ၆၊ EV တာယာတစ်ခုရှိ အမှတ်အသားများကို တွေ့ရစဉ်။

**ကာကွယ်မှု** – EV ဘက်ထရီများကို ဖုန်မှုန့်နှင့် ရေဝင်ရောက်မှုများမှ အကာအကွယ်ပေးခြင်း စံနှုန်းအဆင့်ကို IP (Ingress Protection) ဖြင့် ထုတ်လုပ်ထားပါ၏။ အများအားဖြင့် စံနှုန်း IP67 ဖြင့် ထုတ်လုပ်ထားပြီး ရေအနက် တစ်မီတာ(၃.၂၈၀ ပေ) အထိ မိနစ် ၃၀ ခန့်ကြာအောင် နစ်မြုပ်ခံနိုင်၏။ IP စာလုံးနောက်မှ ပထမဂဏန်း 6 သည် ဖုန်မှုန့်ကို သေချာစွာလုံအောင် ကာကွယ်နိုင်မှုအဆင့်ကို ဖော်ပြ၍ ဒုတိယဂဏန်း 7 သည် ရေလုံအောင် ကာကွယ်နိုင်မှုကို ဖော်ပြ၏။ IP68 အဆင့်ဖြစ်ပါက ရေအနက် ၁.၅ မီတာ (၄.၉၂ ပေ)အထိ မိနစ် ၃၀ မှ နာရီအတော်များများကြာအောင် နစ်မြုပ်ခံနိုင်၏။ **၎င်းအဆင့်တို့မှာ အမြင့်ဆုံးခံနိုင်ရည်များဖြစ်ပြီး ပုံမှန်မောင်းနှင်ရန် အခြေအနေများ မဟုတ်ပါ။**

**ပျက်စီးနိုင်ခြေအန္တရာယ်** – EV ဖြင့် ရေနက်သော ရေပြင်တွင် မရှောင်ရှားဘဲ အမြဲမောင်းပါက အကြိုအကြားသို့ ဝင်ရောက်သွားသည့် အညစ်အကြေးရည်များကို သန့်ရှင်းရန် မလွယ်ကူခြင်း၊ သံချေးတက်ခြင်း၊ Suspension များ၊ ဘရိတ်နှင့် လျှပ်စစ်စနစ်များသည် ရေရှည်၌ ထိခိုက်လာပြီး တစ်စီးလုံး စွန့်ပစ်လိုက်ရသည်အထိ ဖြစ်နိုင်၏။ ရေကြီးသည့်ရေများ အထူးသဖြင့် ပင်လယ်ရေ(ဆားငန်ရေ)သည် ဘက်ထရီ မီးလောင်ခြင်းကို ဖြစ်ပေါ်စေ၏။ **ရေလွှမ်းမိုးလမ်းများ ပေါ်တွင် EV ကို အတတ်နိုင်ဆုံး မမောင်းသင့်ပါ။ ရေအနက်မသိရ၍ ရေစီးသန်သောလမ်းများတွင် EV လုံးဝမမောင်းသင့်ပါ။**

**၁။ (ည)ပြင်ပအားသွင်းပါဝါဘဏ် (Power Bank) များကို သတိပြုထားရှိသင့်ခြင်း**

ယခုနှစ် မတ်လ ၃ ရက်နေ့က ဟောင်ကောင်မြို့ Tuen Mun လမ်းမပေါ်တွင် ငွေရောင် BYD Seal တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ရာ Tsing Tin လမ်းဆုံ အနီးတွင် ယာဉ်ကြောပိတ်ဆို့မှုများ သိသာစွာ ဖြစ်ပေါ်ခဲ့သည်။ ယင်းဖြစ်စဉ်အတွက် သက်ဆိုင်ရာ ဝန်ဆောင်မှုစင်တာ၌ နည်းပညာပိုင်း အသေးစိတ် စစ်ဆေးခဲ့ရာတွင် စက်ပိုင်း(သို့မဟုတ်)လျှပ်စစ်စနစ် ချွတ်ယွင်းချက်ကြောင့် မဟုတ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး စစ်ဆေးမှုရလဒ်များအရ ထိုင်ခုံပေါ်၌ တင်ထားခဲ့သော ပြင်ပအားသွင်းပါဝါဘဏ် (Power Bank)တစ်ခု၏ ရှော့ခ်ဖြစ်ခြင်း (သို့မဟုတ်) အပူလွန်ကဲခြင်းမှ မီးစတင်လောင်ကျွမ်းရခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ပြင်ပအားသွင်း ပါဝါဘဏ်များအား ယာဉ်အတွင်းခန်း၌ ထားရှိလျှင် သတိပြုရပါမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအစည်းအဝေး၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှ Virtual ဖြင့် တက်ရောက်



နေပြည်တော် ဧပြီ ၈

အာဆီယံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး (ASEAN Central Bank Deputies' Meeting – ACDM)၊ အာဆီယံ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး (ASEAN Finance and Central Bank Deputies' Meeting – AFCDM) နှင့်ဆက်စပ်အစည်းအဝေးများအား ဧပြီ ၇ ရက်မှ ၈ ရက်အထိ ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ်ကြီးမှူး၍ Fully Virtual စနစ်ဖြင့်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က Video Conferencing ဖြင့် တက်ရောက်သည်။

ဧပြီ ၇ ရက်တွင်ကျင်းပသည့် အာဆီယံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး၌ ၂၀၂၆ ခုနှစ် ဖိလစ်ပိုင်နိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း ဦးစားပေး ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များ၊ ငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ တိုးတက်မှု အခြေအနေများ၊ အာဆီယံငွေကြေးဖလှယ်မှု အစီအစဉ် ပြန်လည်ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အာဆီယံဒေသတွင်း အရင်းအနှီးဈေးကွက်များ ပေါင်းစည်းမှုမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ဗဟိုဘဏ်များ၏ အခန်းကဏ္ဍဆိုင်ရာကိစ္စရပ်များအပေါ် အာဆီယံ ဗဟိုဘဏ် ဒုတိယအကြီးအကဲများက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး အတည်ပြုချက် ရယူသည့် ကိစ္စရပ်များ အပေါ် အတည်ပြုပေးခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဒေါက်တာစန္ဒာဦးက ၂၀၂၆ ခုနှစ် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များသည် ငွေရေးကြေးရေးဈေးကွက်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ လုံခြုံစိတ်ချရသည့် အပြန်အလှန်ငွေပေးချေမှုစနစ်များကို မြှင့်တင်ရန် အထောက်အပံ့ဖြစ်စေခြင်းတို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ယင်းလုပ်ငန်းစဉ်များအပေါ် အပြည့်အဝထောက်ခံပါကြောင်း၊ ငွေရေးကြေးရေးတွင် အားလုံးပါဝင်လာရေး၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ်ငွေပေးချေမှုဆိုင်ရာ ချိတ်ဆက်မှုများအတွက် အာဆီယံဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ကာ ဆက်လက်ထောက်ခံသွားမည်ဖြစ်ပါကြောင်း၊ အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ် ပြန်လည်ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် ပါဝင်လက်မှတ်ရေးထိုးရေးနှင့် စပ်လျဉ်း၍ ပြည်တွင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်နေပါကြောင်းနှင့် အဆိုပါနားလည်မှုစာချွန်လွှာသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးအတွက် အရေးပါသည့် ရည်မှန်းချက်ပန်းတိုင်တစ်ခုဖြစ်သည့်အတွက် ယင်းနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာစီမံကိန်း (၂၀၂၆-၂၀၃၀) နှင့် စပ်လျဉ်းသည့် လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ ၂၀၂၆ ခုနှစ် အာဆီယံ ငွေရေးကြေးရေးပေါင်းစည်းမှုဆိုင်ရာ အစီရင်ခံစာမူကြမ်းနှင့် အာဆီယံလုပ်ငန်းကော်မတီများ၏ တိုးတက်မှုအခြေအနေများ၊ အာဆီယံငွေကြေးနှင့် ငွေရေးကြေးရေးပေါင်းစည်းရေးလမ်းပြမြေပုံ လုပ်ငန်းစဉ်အောက်ရှိ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အာဆီယံဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုအလိုက် စနစ်တကျခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ ဒေသတွင်း ရေရှည်တည်တံ့သော ဘဏ္ဍာရေးနှင့်စပ်လျဉ်းသည့် စတုတ္ထအကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်ခြင်း ကိစ္စရပ်များ၊ အာဆီယံ-အာရှဖွံ့ဖြိုးရေးဘဏ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမူဘောင်ဆိုင်ရာကိစ္စရပ်များ စသည်တို့အပေါ် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အတည်ပြုချက်ရယူသည့်ကိစ္စရပ်များအပေါ် အတည်ပြုပေးခဲ့ကြသည်။

ဧပြီ ၈ ရက်တွင် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးအားကျင်းပရာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ကမ္ဘာ့စီးပွားရေး အလားအလာ၊ မေခရိုစီးပွားရေး သုတေသနရုံးမှ ဒေသတွင်းစီးပွားရေး အလားအလာ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အရှေ့အလယ်ပိုင်း အရေးအခင်းနှင့် စပ်လျဉ်း၍ အာရှနှင့် ပစိဖိတ်နိုင်ငံများတွင် မေခရိုစီးပွားရေးအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးဆိုင်ရာ ကိစ္စရပ်များ ဖြစ်သည့် ဒေသတွင်းနိုင်ငံများ၏ ပြည်တွင်း ငွေကြေးများ အသုံးပြုပေးချေမှုဆိုင်ရာကိစ္စရပ်များ၊ (၁၇) ကြိမ်မြောက် ငွေကြေးဖလှယ်မှုနှင့် စပ်လျဉ်း၍ စမ်းသပ်မှုပြုလုပ်သည့် ကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုနှင့် ဒစ်ဂျစ်တယ် ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ၊ အာဆီယံ ငွေချေးစာချုပ်ဈေးကွက် တိုးတက်မှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဘဏ္ဍာငွေဖြည့်တင်းမှု အစီအစဉ်များ စသည့်ကိစ္စရပ်တို့အပေါ် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယ အကြီးအကဲများက အမြင်ချင်းဖလှယ်ဆွေးနွေး ခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးက ဇင်းမယ်အစီအစဉ်အတွက် ငွေကြေးဖလှယ်မှုဆိုင်ရာ စမ်းသပ်မှုပြုလုပ်မှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် (၁၇) ကြိမ်မြောက် ငွေကြေးဖလှယ်မှုဆိုင်ရာ စမ်းသပ်မှုဆောင်ရွက်ခြင်းကို ကြိုဆိုပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ပြုလုပ်ခဲ့သော (၁၆) ကြိမ်မြောက် ငွေကြေးဖလှယ် စမ်းသပ်မှုအရ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလမ်းညွှန်ချက်များ (Operational Guidelines – OG) တွင် ပြင်ဆင်မှုများကိုလည်း ထောက်ခံပါကြောင်း၊ ငွေဖြစ်လွယ်မှု အခက်အခဲဖြစ်ပေါ်သည့်အခါ ယခုကဲ့သို့ နှစ်စဉ်စမ်းသပ်မှုပြုလုပ်သည့် အစီအစဉ်များသည် ဒေသတွင်းငွေရေးကြေးရေး တည်ငြိမ်ခိုင်မာမှုကို အားကောင်းစေသည့်အပြင် လုပ်ငန်းစဉ်များ၏ ထိရောက်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုလည်း အထောက်အကူပြုစေနိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ငွေကြေးဖလှယ်ထောက်ပံ့မှုအပေါ် ယုံကြည်မှုကို တိုးမြှင့်ပေးနိုင်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အားနည်းချက်များကို ရှာဖွေဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေနိုင်ခြင်း၊ ပြည်ပငွေပေးငွေယူစာရင်းတွင် ငွေကြေးဆိုင်ရာ ကာလတို အခက်အခဲပေါ်ပေါက်လာပါကလည်း အဆင်သင့်ဖြစ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် အနာဂတ်တွင် ဆက်လက်ပြုလုပ်မည့် ငွေကြေးဖလှယ်မှုဆိုင်ရာ စမ်းသပ်မှု အစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဆီယံ+၃ နိုင်ငံများ၏ ငွေရေးကြေးရေးစနစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများအပေါ် ကြံ့ကြံ့ခံနိုင်မှုရှိစေရေးဆိုင်ရာ မြှင့်တင်ဆောင်ရွက်ချက်များတွင် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ၂၀၂၆ ခုနှစ် ဧပြီ (၉-၁၀) ရက်များတွင် (၂၂) ကြိမ်မြောက် အာဆီယံ ဗဟိုဘဏ် ဥက္ကဋ္ဌများ အစည်းအဝေး (22nd ASEAN Central Bank Governors' Meeting – ACGM)၊ (၁၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (13th ASEAN Finance Ministers and Central Bank Governors' Meeting – AFMGM) နှင့် ဆက်စပ်အစည်းအဝေးများအား ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car–(AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ရေနံနည်းစနစ်ကျတွင်း (Standard Well) တူးဖော်ထုတ်ယူခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေး



**နေပြည်တော် ဧပြီ ၈**
စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်များပူးပေါင်း၍ နည်းစနစ်ကျတွင်း (Standard Well) တူးဖော်ထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိပြီး တွင်းတူးဖော်ထုတ်ယူခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းကို ဧပြီ ၇ ရက်တွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပပြုလုပ်ရာ ရေနံနည်းစနစ်ကျတွင်း (Standard Well) တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းဌာနကြီးကြပ်မှုအောက်ရှိဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နည်းစနစ်ကျတွင်း (Standard Well) တူးဖော်ရန် အဆိုပြုတင်ပြထားသည့် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရေနံနည်းစနစ်ကျတွင်း (Standard Well) တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ ရေနံနည်းစနစ်ကျတွင်း (Standard Well) တူးဖော်ထုတ်လုပ်နိုင်ရန် စာချုပ်များချုပ်ဆိုပြီး ပြည်တွင်းရေနံထုတ်လုပ်မှုကို ပိုမိုတိုးမြှင့်နိုင်စေရန် လုပ်ဆောင်နေသည့် အခြေအနေ၊ ရေနံနည်းစနစ်ကျတွင်း (Standard Well) တူးဖော်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေ၊ ရေနံ နည်းစနစ်ကျတွင်း (Standard Well) တူးဖော်ခြင်းလုပ်ငန်းများတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တူးဖော်ရေးလုပ်ငန်းများအား ထိန်းကျောင်းကြပ်မတ်သွားမည့် အစီအမံ၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးသွားမည့် အစီအမံ၊ လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်သည့်အချိန်တွင် ဒစ်ဂျစ်တယ်နည်းပညာအခြေပြု စောင့်ကြည့်ကြပ်မတ်သွားမည့် အစီအမံများကို ဦးဆောင်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့်ဌာနမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ် (Operating Agreement) မူကြမ်းပါအချက်များ၊ တွင်းတူးဖော်ခြင်းအစီအစဉ် (Drilling Program) နှင့် တွင်းတူးဖော်မည့်အစီအစဉ် (Well Policy) လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြမှုများအပေါ် တက်ရောက်လာသည့် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များမှ လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ချိန်တွင် အဆင်ပြေချောမွေ့စေရေးအတွက် ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး စွမ်းအင်ဝန်ကြီးဌာနရှိ ဦးစီးဌာန/ လုပ်ငန်းများမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကာ ရေနံနည်းစနစ်ကျတွင်း (Standard Well) တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စွမ်းအင်ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များ ရည်ညွှန်းဈေးနှုန်းနှင့်အညီရောင်းချရေး ကွင်းဆင်းစစ်ဆေး

**လက်ပံတန်း ဧပြီ ၈**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ စားအုန်းဆီလက်လီလက်ကား ဖြန့်ဖြူး ရောင်းချလျက်ရှိသော အရောင်းဆိုင်များကို တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်အောင်၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ခရိုင်နှင့်မြို့နယ် စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက မြို့မဈေးနှင့် လက်ကား အရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးရာ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဗီနိုင်းများချိတ်ဆွဲ ဖြန့်ဖြူးရောင်းချမှု ရှိ/မရှိ၊ အလေးချိန် မှန်ကန်မှု ရှိ/မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျရောင်းချပေးရေးနှင့် ရရှိသောဆီပိဿာချိန်ခွဲတမ်းများကို ပြည်သူများထံ အမှန်တကယ် ရောင်းချမှု ရှိ/မရှိကို စစ်ဆေးဆောင်ရွက်သည်။



လက်ပံတန်း မြို့နယ်အနေဖြင့် မြို့ပေါ် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၉ အုပ်စုရှိ အိမ်ထောင်စုတစ်စုလျှင် ဆီစာအုပ် တစ်အုပ်နှုန်းဖြင့် လက်ကားကိုယ်စားလှယ် သုံးဦး၊ လက်လီအရောင်း ၅၀ မှ တစ်လလျှင် ဆီပိဿာပေါင်း ၆၁၂ ပိဿ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပင်စင်စားများကိုလည်း တစ်လတစ်ကြိမ် ရည်ညွှန်းဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပုတီးကုန်းရွာရှိ ပုတီးကုန်းကျောင်းတိုက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသည့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရပုတီးကုန်းကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ (မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ) အား တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများက ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၈ ရက်က ကျင်းပစဉ်။ အတ်ကလေး(ရမည်းသင်း)

# တောင်တွင်းကြီးမြို့နယ်၌ သဘာဝမြေသြဇာ အကျိုးရှိစွာအသုံးပြုနိုင်ရေး တောင်သူပညာပေးဆွေးနွေး

**တောင်တွင်းကြီး ဧပြီ ၈**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သီးနှံများအတွက် မြေခံမြေပြုပြင်မြေသြဇာနှင့် သဘာဝမြေသြဇာများ အကျိုးရှိစွာ အသုံးပြုနိုင်ရေး တောင်သူပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် ကြံသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ကင်ပွန်းတောင်) ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက စိုက်ပျိုးရေးနည်းပညာဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ကြံသီးနှံသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးခြံ (ကင်ပွန်းတောင်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဘုန်းကျော်မြင့်က မြေခံမြေသြဇာနှင့် သဘာဝမြေသြဇာ အကျိုးရှိစွာ အသုံးပြုရေး လုပ်ငန်းများ၊ DR.FARMER (ဖိုးတောင်သူ) ဓာတ်မြေသြဇာ ဖြန့်ဖြူးရေးဒေသတာဝန်ခံ ဦးအောင်မြင့်သန်းက သီးနှံပင်များအတွက် လိုအပ်သော မြေခံမြေပြုပြင် မြေသြဇာများအကြောင်း၊ ဖိုးတောင်သူတံဆိပ်ဖြင့် မြေပြုပြင်မြေသြဇာနှင့် ပတ်သက်၍ အကျိုးကျေးဇူးများ၊ အသုံးပြုပုံအဆင့်ဆင့်၊ မြေ၊ အပင်၊ သီးနှံများအတွက် ပါဝင်သော အာဟာရအာနိသင်များ အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကြံလမိုင်းစိုက်ခင်းတွင် ပုလဲဓာတ်မြေသြဇာ၊ ဖိုးတောင်သူ မြေပြုပြင်မြေသြဇာတို့ကို အချိုးကျရောစပ်ပြီး ကွင်းသရုပ်ပြပွဲ ကျင်းပခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

## ၈ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

● *ကျော့ဖုံးမှ*

ရီးရဲမက်ဒရစ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းကို အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့သောကြောင့် လာမည့် ဒုတိယအကျော့ပွဲစဉ်တွင် နိုင်ပွဲရရေး ခက်ခက်ခဲခဲ ရုန်းကန်ရတော့မည်ဖြစ်သည်။

ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို လာမည့် ဧပြီ ၁၆ ရက်တွင် Allianz Arena ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အခြားပွဲစဉ်များအဖြစ် ပေါ်တူဂီကလပ် စပို့တင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး အာဆင်နယ်အသင်းက ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့သောလူစားဝင် တိုက်စစ်ကစားသမား ဟာဗက်ဇ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **အောင်ဇော်**

# အောင်မြေသာစံမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေး

**မန္တလေး ဧပြီ ၈**
မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဌာနီအနောက်ရပ်ကွက်ရှိ အကွက်အမှတ် (၅၁) တွင် မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် 191 Report Application ကို ပြည်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးပြီး အသုံးပြုပုံများ ရှင်းလင်းပြောကြားခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်းဆောင်ရွက်မှုကို တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေရရှိရေးဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။ ၂၂၁



# ကွမ်းခြံကုန်းမြို့နယ် တော်ကလိပ်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး

**နေပြည်တော် မေ ၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသား ပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ကလိပ်ကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၅၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






## ပန်းတောင်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထား

**ပန်းတောင်း မေ ၈**

ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ပန်းတောင်းမြို့နယ်အတွင်း နွေရာသီကာလ အပူချိန်မြင့်တက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်အန္တရာယ်(Heatstroke) နှင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို အချိန်မီကုသစောင့်ရှောက်မှုပေးနိုင်ရန် မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် တိုက်နယ်ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိသည်။



ထိုသို့ ပြင်ဆင်ဆောင်ရွက်ထားရှိရာတွင် ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံကြီး၊ ဥသျှစ်ပင်တိုက်နယ်ဆေးရုံ၊ ထုံးဘိုတိုက်နယ်ဆေးရုံနှင့် ဇရပ်လှတိုက်နယ်ဆေးရုံများတွင် အပူဒဏ်ကြောင့် ဝေဒနာခံစားရသည့် လူနာများအတွက် သီးသန့်ကုသဆောင်များ ပြင်ဆင်ထားရှိသည်။ ထို့ပြင် လိုအပ်သော အရေးပေါ်ဆေးဝါးများနှင့် အအေးပေးပစ္စည်းများ စနစ်တကျ စုဆောင်းထားရှိကာ လူနာများအား အရေးပေါ်ကုသမှုလုပ်ငန်း လမ်းညွှန်နှင့်အညီ ကုသပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်စိုးက လူနာစောင့်များအား အပူဒဏ်အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **လပြည့်လင်း (ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ မီးခိုးမြူငွေ့ကာကွယ်ရေး အသိပညာပေး

**မိုင်းဆတ် မေ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ ရပ်ကွက်/ကျေးရွာအုပ်စုများအလိုက် တောင်ယာမီးရှို့မှု၊ တောမီးရှို့မှုမပြုလုပ်စေရေး ကွင်းဆင်းအသိပညာပေး ဟောပြောကြီးကြပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ မီးခိုးမြူငွေ့ညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို မေ ၆ ရက်က မယ်နင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတို့က တောင်ယာမီးရှို့မှု၊ တောမီးရှို့မှုများ မပြုလုပ်စေရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

❒ ကျောဖုံးမှ

တရားမဝင် ပြည်ပနိုင်ငံသား ၁၂၆ ဦးတို့ကို အွန်လိုင်း လိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် သတင်းအား ထုတ်ပြန်ပြီးဖြစ်သည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးရမိစဉ်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့နံနက် ၇ နာရီ မိနစ် ၄၀ ခန့်တွင် အဆိုပါ ပန်ကူကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၅၂၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦး၊ အမျိုးသမီးနှစ်ဦးနှင့် လာအိုနိုင်ငံသူ အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၀ တို့ကိုလည်းကောင်း၊ ပန်ကူကျေးရွာ၏အနောက်တောင်ဘက်မီတာ ၂၇၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးအားလည်းကောင်း၊ ပန်ကူကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၁၅၀၀ ခန့်ကွာသို့အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ကိုးဦးအားလည်းကောင်း၊ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက်မီတာ ၄၅၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးအား လည်းကောင်း၊ ပန်ကူကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၃၈၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ကိုးဦးအားလည်းကောင်း၊ စုစုပေါင်း တရားမဝင် ပြည်ပနိုင်ငံသား အမျိုးသား ၅၄ ဦးနှင့် အမျိုးသမီးသုံးဦးတို့ကို အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးရမိစဉ်။

# သီရိလင်္ကာနိုင်ငံ၌ သန်းခေါင်စာရင်းအသစ်အရ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေ ပိုမိုများပြား

**ကိုလံဘို မေ ၈**
သီရိလင်္ကာနိုင်ငံ၌ နောက်ဆုံးကောက်ယူခဲ့သော သန်းခေါင်စာရင်းအစီရင်ခံစာအရ ၂၀၁၂ ခုနှစ်နောက်ပိုင်း နိုင်ငံ၏လူဦးရေမှာ ၂၁၇၈၁၈၀၀ အထိ မြင့်တက်လာခဲ့ပြီး အမျိုးသားဦးရေထက် အမျိုးသမီးဦးရေ ၇၅၇၁၁၂ ဦး ပိုမိုများပြားကြောင်း သိရသည်။

သန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာနသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ နောက်ဆုံးအစီရင်ခံစာကို သမ္မတ အနူရာ ကူမာရာ ဒစ်ဆာနာယာကီထံ မေ ၆ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းအစီရင်ခံစာအရ အမျိုးသမီးများသည် လူဦးရေ၏ ၅၁ ဒသမ ၇ ရာခိုင်နှုန်း (၁၁၂၆၉၄၅၆ ဦး) ရှိပြီး အမျိုးသားများက လူဦးရေ၏ ၄၈ ဒသမ ၃ ရာခိုင်နှုန်း (၁၀၅၁၂၃၄၄ ဦး) ရှိကြောင်း ဖော်ပြထားသည်။ သီရိလင်္ကာနိုင်ငံတစ်ဝန်းရှိ ခရိုင်တိုင်းတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုမိုများပြားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့အပြင် အစီရင်ခံစာအရ အသက် ၁၅ နှစ်မှ ၅၉ နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၁၃၃၅၃၈၃၇ ဦးရှိပြီး အသက် ၁၄ နှစ်အောက် ဦးရေမှာ ၄၅၀၆၈၃၉ ဦးနှင့် အသက် ၆၅ နှစ်နှင့်အထက် ဦးရေမှာ ၂၇၃၇၈၁၄ ဦးရှိကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် စတင်ခဲ့သော ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းသည် သီရိလင်္ကာနိုင်ငံ၏ (၁၅) ကြိမ်မြောက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဖြစ်ပြီး အချက်အလက်များ စုဆောင်းရာတွင် တက်ဘလက်များနှင့် စမတ်ဖုန်းများ ပထမဆုံးအကြိမ် အသုံးပြုသည့် သန်းခေါင်စာရင်းကောက်ခံမှုလည်း ဖြစ်သည်။



**ဆင်ဟွာ**



# အရှေ့အလယ်ပိုင်းဒေသမှ ရေနံတင်သင်္ဘော ထိုင်းဆိပ်ကမ်းသို့ ဘေးကင်းစွာ ဆိုက်ရောက်

**ဘန်ကောက် မေ ၈**
အရှေ့အလယ်ပိုင်းဒေသမှ ရေနံတင်သင်္ဘောတစ်စင်း ထိုင်းနိုင်ငံ ချွန်ဘူရီပြည်နယ် ဘန်ချက်စီရာချာ ရေနံချက်စက်ရုံ ဆိပ်ကမ်းသို့ ဘေးကင်းစွာ ဆိုက်ရောက်လာခဲ့ကြောင်း ဘန်ချက်အများပိုင်ကော်ပိုရေးရှင်းကုမ္ပဏီက မေ ၈ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ ရေနံတင်သင်္ဘောကြီးတွင် အရှေ့အလယ်ပိုင်းဒေသမှ ရေနံစိမ်းစည်ပေါင်း ၇၀၀၀၀၀ နီးပါး တင်ဆောင်လာခဲ့ပြီး ယင်းသည် ကုမ္ပဏီ၏ ရေနံစိမ်းဝယ်ယူမှုအစီအစဉ် တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ အဆိုပါ သင်္ဘောသည် ဟော်မုဇ်ရေလက်ကြားကို ဘေးကင်းစွာ ဖြတ်ကျော်နိုင်ခဲ့ပြီး မေ ၇ ရက် ညပိုင်းက ဘန်ချက်စီရာချာ ရေနံချက် ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ယင်းတင်ပို့မှုသည် လက်ရှိဈေးကွက်အတက်အကျ အခြေအနေတွင် ရေနံစိမ်း ထောက်ပံ့မှုဆက်လက်ရရှိစေရေး အတွက် အထောက်အကူပင်ဖြစ်သည်။

ထို့ပြင် မတ်လနှောင်းပိုင်းတွင် ထိုင်းနိုင်ငံသည် ဒေသတွင်း မိတ်ဖက်နိုင်ငံများ၏ သံတမန်ရေးရာ ညှိနှိုင်းဆောင်ရွက်မှုများဖြင့် ၎င်း၏ ရေနံတင်သင်္ဘောများ ဟော်မုဇ်ရေလက်ကြားကို လုံခြုံစိတ်ချစွာ ဖြတ်သန်းခွင့်ရရှိခဲ့သည်။

**ဆင်ဟွာ**

# လ၏အမှောင်ဘက်ခြမ်းမှ ဓာတ်ပုံများကို နာဆာ ထုတ်ဖော်ပြသ

**ဝါရှင်တန် မေ ၈**
Artemis II မစ်ရှင်တွင် လိုက်ပါသွားသည့် အာကာသယာဉ်မှူးများက လ၏ အမှောင်ဘက်ခြမ်းမှ ရိုက်ယူထားသော ဓာတ်ပုံများကို အမေရိကန်အာကာသအေဂျင်စီ နာဆာက ထုတ်ဖော်ပြသလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လကမ္ဘာစူးစမ်းလေ့လာရေးအစီအစဉ်၏ ပထမဆုံး လူလိုက်ပါအာကာသယာဉ်သည် လ၏ အမှောင်ဘက်ခြမ်းကို ပျံသန်းပြီးနောက် ဧပြီ ၆ ရက်တွင် လူသားများ ကမ္ဘာမြေမှ အဝေးဆုံးအကွာအဝေးသို့ ရောက်ရှိစံချိန်သစ်တင်နိုင်ခဲ့သည်။ အဆိုပါဓာတ်ပုံများအနက် တစ်ပုံကို လကမ္ဘာ၏ မြင်ကွင်းသစ် (A New View of the Moon) ဟု အမည်ပေးထားပြီး ယင်းဓာတ်ပုံ၏ အနီးမြင်ကွင်းတွင် ကြီးမားသော လခြမ်းပုံသဏ္ဌာန်ကို မြင်တွေ့ရသည်။ ထို့အပြင် နောက်ခံမြင်ကွင်းတွင် လခြမ်းပုံသဏ္ဌာန်ရှိသော ကမ္ဘာမြေကိုလည်း မြင်တွေ့ရသည်။ ထို့ပြင် ကမ္ဘာမြေမှ မမြင်တွေ့နိုင်သော လ၏အမှောင်ဘက်ခြမ်းရှိ ချိုင့်ခွက်များကိုလည်း ထင်ရှားစွာ မြင်တွေ့ရသည်။

အာကာသယာဉ်မှူးများသည် ဓာတ်ပုံထောင်ပေါင်းများစွာ ရိုက်ယူနိုင်ရန် ကင်မရာပေါင်းများစွာကို အသုံးပြုခဲ့ကြောင်းနှင့် လာမည့်ရက်များအတွင်း နောက်ထပ်ဓာတ်ပုံများကို ထုတ်ပြန်ပေးသွားဖွယ်ရှိကြောင်း အာကာသအေဂျင်စီက ပြောသည်။

**အင်န်အိတ်ချ်ကေ**




# မြေထဲပင်လယ်၌ နှစ်ပတ်အတွင်း သင်္ဘောတိမ်းမှောက်မှုများကြောင့် သေဆုံး သို့မဟုတ် ပျောက်ဆုံးသူ ၁၈၀ ကျော်ရှိ

**ဂျီနီဗာ မေ ၈**
မတ် ၂၈ ရက်မှစတင်၍ မြေထဲပင်လယ်၌ ဖြစ်ပွားခဲ့သည့် သင်္ဘောတိမ်းမှောက်မှုများကြောင့် လူပေါင်း ၁၈၀ ကျော် သေဆုံး သို့မဟုတ် ပျောက်ဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်ဟု နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့အစည်း (အိုင်အိုအမ်)က မေ ၇ ရက်တွင် ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း မြေထဲပင်လယ်၌ သေဆုံး သို့မဟုတ် ပျောက်ဆုံးသွားသူ လူပေါင်း ၁၀၀၀ နီးပါးရှိလာခဲ့သည်ဟု အဆိုပါ အဖွဲ့အစည်းက ပြောကြားပြီး မကြာသေးမီက ဖြစ်ပွားခဲ့သည့် မတော်တဆဖြစ်ရပ်များကြောင့် လူသေဆုံးမှုအများအပြား ဖြစ်ပေါ်ခဲ့ရသည်ဟု သိရသည်။

မေ ၅ ရက်က လူပေါင်း ၁၂၀ ကို တင်ဆောင်လာခဲ့သည့် သင်္ဘောတစ်စင်းမှာ လစ်ဗျားနိုင်ငံ တာ့ဂျိုအာမြို့မှ ထွက်ခွာလာပြီးနောက် တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၈၀ ကျော် ပျောက်ဆုံးခဲ့သည်။ အသက်ရှင်ကျန်ရစ်သူများ၏ ပြောကြားချက်အရ အဆိုပါသင်္ဘောသည် လစ်ဗျားနိုင်ငံ ဇူအာရာမြို့မှ ထွက်ခွာလာခြင်းဖြစ်သည်ဟု သိရသည်။ ဧပြီ ၁ ရက်ကလည်း အီတလီနိုင်ငံတောင်ပိုင်း လမ်ပီဒူဆာကျွန်းအနီး သင်္ဘောနစ်မြုပ်မှုကြောင့် ၁၉ ဦး သေဆုံးခဲ့သည်။

ယင်းနေ့ တွင်ပင် တူကီယဲနိုင်ငံ ဘိုဒရမ်မြို့အနီး အီဂျီယမ်ပင်လယ်၌ ရော်ဘာလှေတစ်စင်း ဂရိနိုင်ငံသို့ ဦးတည်လာစဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ၁၉ ဦး သေဆုံးခဲ့သည်။ အချို့ကိုမူ ကယ်တင်နိုင်ခဲ့သည်။

ထို့ပြင် မတ် ၃၀ ရက်ကလည်း တူနီးရှားနိုင်ငံ စဖက်စ်မြို့အနီး သင်္ဘောတိမ်းမှောက်မှုကြောင့် ၁၉ ဦးခန့် သေဆုံးပြီး ၂၀ ခန့် ပျောက်ဆုံးခဲ့သည်။ နောက်ထပ်သင်္ဘောတစ်စင်းလည်း မတ် ၂၈ ရက်က လစ်ဗျားနိုင်ငံ အရှေ့ပိုင်းမှ ထွက်လာစဉ် တိမ်းမှောက်ခဲ့ပြီး ၂၂ ဦးခန့် သေဆုံးခဲ့ရသည်။ ၂၀၂၆ ခုနှစ် နှစ်စပိုင်းမှ စတင်ကာ မြေထဲပင်လယ်၌ သေဆုံး သို့မဟုတ် ပျောက်ဆုံး သွားသူ ၉၉၀ ခန့်ရှိသည်ဟု အိုင်အိုအမ်က ပြောသည်။

**ဆင်ဟွာ**

# ဟော်မုဇ်ရေလက်ကြားတွင် တိုက်ခိုက်ခံခဲ့ရသော ထိုင်းကုန်တင်သင်္ဘောပေါ်မှ သင်္ဘောသားသုံးဦး သေဆုံးကြောင်း အတည်ပြု

**ဘန်ကောက် မေ ၈**
လွန်ခဲ့သည့်လက ဟော်မုဇ်ရေလက်ကြားတွင် တိုက်ခိုက်ခံခဲ့ရသော ထိုင်းအလံတင် ကုန်တင်သင်္ဘောပေါ်မှ သင်္ဘောသားသုံးဦး သေဆုံးခဲ့ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆီဟာဆက် ဖုန်ကတ်ကရောင်းက မေ ၈ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထိုင်းကုန်တင်သင်္ဘောတစ်စင်းသည် ဟော်မုဇ်ရေလက်ကြားတွင် မတ် ၁၁ ရက်က ခုတ်မောင်းသွားနေစဉ် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ တိုက်ခိုက်ခံရပြီးနောက် သင်္ဘောသား ၂၀ ကို ကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်သုံးဦး ပျောက်ဆုံးခဲ့သည်။ ကယ်တင်ခံရသူအားလုံး မတ်လ လယ်ခန့်တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ပျောက်ဆုံးနေသော သင်္ဘောသားသုံးဦး သေဆုံးသွားပြီဖြစ်ကြောင်း မကြာသေးမီက နိုင်ငံခြားရေးဝန်ကြီးဌာနထံ အကြောင်းကြားခဲ့သည်ဟု ဆီဟာဆက်က မေ ၈ ရက်တွင် ပြောကြားခဲ့ပြီး သေဆုံးသူများ၏ မိသားစုများအတွက် အထူးဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ ထိုင်းကုန်တင်သင်္ဘော တစ်စင်းသာ ဟော်မုဇ် ရေလက်ကြားကို ဘေးကင်းစွာ ဖြတ်သန်းနိုင်ခဲ့ပြီး ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ အရေးကြီးသော ဓာတ်မြေသြဇာများ တင်ဆောင်လာသည့် သင်္ဘောတစ်စင်း အပါအဝင် ကျန်သင်္ဘော ကိုးစင်းသည် သက်ဆိုင်ရာ အာဏာပိုင်များ၏ ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေဆဲ ဖြစ်သည်။

ဆီဟာဆက်သည် မေ ၁၅ ရက်မှ ၁၆ ရက်အထိ အီရန်သို့ သွားရောက်ရန် စီစဉ်ထားသည်ဟု ဆိုသည်။ အပစ်အခတ်ရပ်စဲရေးကာလအတွင်း ကျန်ရှိသည့် ထိုင်းရေယာဉ်များကို ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းသွားလာခွင့်ပြုရန် အီရန်နှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် ထိုင်းနိုင်ငံသည် အိုမန်နိုင်ငံ၏ အကူအညီကို ရယူသွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ အကြိမ်(၂၀)မြောက် အသက် ၇၀ နှင့်အထက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**မန္တလေး မေ ၈**

မန္တလေး ဘောလုံးသမားဟောင်းများအသင်း၏ အသက် ၇၀ နှင့် အထက် သက်ကြီးမန္တလေး ဘောလုံး ကစားသမားဟောင်းကြီးများ အကြိမ်(၂၀)မြောက် သက်ကြီးပူဇော်ပွဲကို မန္တလေးမြို့ လမ်း ၃၀ နှင့် ၇၁ လမ်းထောင့်ရှိ ဗထူးအားကစားကွင်း အထူးတန်း ရှေ့မြက်ခင်းပြင်၌ မေ ၅ ရက်က ကျင်းပသည်။



ဦးစွာ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း(စိန်နှင့်မြ)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ ကန်တော့ခံ သက်ကြီးဘောလုံးသမားများကို တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ဆက်လက်၍ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနာယက ဦးကျော်မင်းယဉ်က ကန်တော့ချီးဖြင့် ဦးဆောင်တိုင်ပေးရာ အသက် ၇၀ နှင့်အထက် သက်ကြီးကန်တော့ခံဘောလုံးသမား ၃၉ဦးတို့ကို ကန်တော့ကြပြီး အသင်းဝင်များ လှူဒါန်းငွေနှင့် လက်ရွေးစင် ဦးစိုးစိုးနှင့်ညီ ဦးသန်းထွဋ်မှုတို့က သီးသန့်လှူဒါန်းငွေ အပါအဝင်၊ စိန်မြင့်မိုရ်လုံခြည်နှင့် စားသောက်ကုန်များကို ပေးအပ်လှူဒါန်းကုသိုလ်ပြုကြရာ ကန်တော့ခံများကိုယ်စား လက်ရွေးစင်ဟောင်း ဦးခင်မောင်လေးက ဆုပေးစကား ပြန်လည်ပြောကြားသည်။

**တင်မောင်-မန္တလေး**

## တောင်တွင်းကြီးမြို့၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်တွင်းကြီး မေ ၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားလာနိုင်သဖြင့် ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် ရည်ရွယ်၍ မေ ၆ ရက်က အပူဒဏ်ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးသည်။



တောင်တွင်းကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်နိုင်စိုး ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ၊ အရေးပေါ်ရှေးဦးပြုစုခြင်းအကြောင်းအရာများပါဝင်သည့် လက်ကမ်းစာစောင်များကို ပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန် လူစည်ကားရာနေရာများ၌ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိုလ်သနိုးမြေ)**

## တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ အပူဒဏ်လူနာများအား ကုသမှုပေးနိုင်ရန် ပြင်ဆင်

**တောင်ငူ မေ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ပြည်သူများ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများဖြင့် လာရောက်ပြသသော လူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။



တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် ညောင်ကိုင်းတိုက်နယ်ဆေးရုံတို့တွင် အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သော ရောဂါဖြင့် လူနာများ ရောက်ရှိလာပါက လူနာများ လက်ခံကုသပေးနိုင်ရန် ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်း ပြင်ဆင်ထားရှိခြင်း၊ အရေးပေါ် ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်း လမ်းညွှန်နှင့်အညီ ဆောင်ရွက် ကုသမှုပေးနိုင်ရေးနှင့် လူနာများအား ကျန်းမာရေးပညာပေးခြင်းအပါအဝင် အပူဒဏ် အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေး ပြဿနာများကာကွယ် ကုသရေးအတွက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## ညောင်လေးပင်မြို့နယ်၌ စားအုန်းဆီများသတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချစေရေး ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် မေ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ စားအုန်းဆီများသတ်မှတ်ရည်ညွှန်းဈေးနှုန်းနှင့်အညီ ရောင်းချစေရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို မေ ၆ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်ရှိ စားအုန်းဆီ အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးသည်။



မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံ ဦးရဲမင်းထွဋ်နှင့် စားအုန်းဆီ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ညောင်လေးပင်မြို့ပေါ်ရပ်ကွက်ရှိ စားအုန်းဆီလက်လီ၊ လက်ကားကိုယ်စားလှယ်အရောင်းဆိုင်များသို့ စားအုန်းဆီရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏအတိုင်း မှန်ကန်စွာရောင်းချစေရေး၊ ကုန်စုံဆိုင်များ၌ရောင်းချနေသော အမှတ်တံဆိပ်ပါဘူးသွင်းဆီများ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**မုဒုံ မေ ၈**

မွန်ပြည်နယ် မုဒုံမြို့၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၆ ရက် နံနက်ပိုင်းက လူစည်ကားရာ လမ်းဆုံနှင့် ရွှေဟသာ်ဈေး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မုဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးမှူး ဆရာဝန်ကြီး ဒေါက်တာကျော်မိုးနိုင်၏ ညွှန်ကြားမှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ဈေးအတွင်း လမ်းသွားလမ်းလာ ဒေသခံပြည်သူများအား အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် လိုက်နာရမည့်အချက်များကို အသိပညာပေး တိုက်တွန်းနှိုးဆော်သည်။

ထို့နောက် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှထုတ်ဝေသည့် အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့်အချက်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများနှင့် ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်းအကြောင်းအရာပါ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးနှင့် ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုများ ဆွေးနွေး

**တပ်ကုန်း မေ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ အများပြည်သူများ အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများအား သက်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် တွေ့ဆုံခြင်းကို မေ ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်သူက အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သည့်အကြောင်းအရာများကို ရပ်ကွက်၊ ကျေးရွာနေပြည်သူများ သိရှိစေရေး အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ရေး ရှင်းလင်းမှာကြားခဲ့ပြီး တပ်ကုန်းခုတင် (၁၀၀) ပြည်သူ့ဆေးရုံအုပ် ဒေါက်တာကျော်ဇေယျက ပြည်သူ့ဆေးရုံတွင် အပူဒဏ်ကြောင့် လာရောက်ပြသသည့် လူနာများအား အချိန်နှင့်တစ်ပြေးညီ ကုသပေးနိုင်ရန် လေအေးပေးစက်တပ်ဆင်ထားရှိသည့် သီးသန့်အခန်းများ ပြင်ဆင်ထားရှိပြီး လိုအပ်သော အရေးပေါ်ဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများကိုလည်း အလုံအလောက် စုဆောင်းပြင်ဆင်ထားရှိကြောင်း ရှင်းလင်းပြောကြားသည်။

**တင်စိုးလွင်**



## ပုဗ္ဗသီရိမြို့နယ်၌ ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေးဟောပြော

**နေပြည်တော် မေ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အများပြည်သူများ အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်က ကျည်တောင်ကန်ကျေးလက်ကျန်းမာရေးဌာနအပါအဝင် ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများမှ ဝန်ထမ်းများက ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူများ အပူဒဏ်မှ ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောခဲ့ပြီး အပူဒဏ်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ပုဗ္ဗသီရိမြို့နယ်အနေဖြင့် မြို့နယ်ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများဖြင့် လူနာများ ရောက်ရှိလာပါက ကုသမှုပေးနိုင်ရန် ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားခြင်း၊ လူနာလက်ခံကုသမည့်နေရာများ ကြိုတင်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျပ်သန်း (၂၀၀) နှင့်အထက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | တည်ဆောက်ရေးလုပ်ငန်း အမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ဥယျာဉ်ခြံသီးနှံပညာဌာန (၈၀' x ၃၄' x ၁၂') RC(၁)ထပ်သည် လျှပ်စစ်ဓာတ်ကြောင့် အနီးရောင်အဆင့် ပျက်စီးသွားပါသဖြင့် အသစ်ပြန်လည် ဆောက်လုပ်ခြင်း | ၁ |
| ( ခ ) | လယ်ယာသီးနှံပညာဌာန – ၁ (၁၂၀' x ၄၃' x ၁၂') လျှပ်စစ်ဓာတ်ကြောင့် ပျက်စီးသွားပါသဖြင့် အသစ်ပြန်လည် တည်ဆောက်ခြင်း | ၁ |
| ( ဂ ) | မွေးမြူရေးပညာဌာန (၁၂၀' x ၄၃' x ၁၂') လျှပ်စစ်ဓာတ်ကြောင့် ပျက်စီးသွားပါသဖြင့် အသစ်ပြန်လည် တည်ဆောက်ခြင်း | ၁ |
| (ဃ) | ရွှေလီဆောင် (၃၀၀'x ၄၅'x ၃၆') (၃) ထပ် အိပ်ဆောင် အကြီးစားမွမ်းမံ ပြင်ဆင်ခြင်းလုပ်ငန်း | ၁ |
| ( င ) | ဥယျာဉ်ခြံသီးနှံပညာဌာန (၁၈၀'x၃၈'x၁၄') (L Shape) RC တစ်ထပ်၊ အသစ် ပြန်လည် တည်ဆောက်ခြင်း | ၁ |
| ( စ ) | လယ်ယာသီးနှံပညာဌာန–၂ (၁၂၀'x၄၃'x၁၂') အုတ်ညှပ်တစ်ထပ် အကြီးစား မွမ်းမံပြင်ဆင်ခြင်း | ၁ |
| (ဆ) | စိုက်ပျိုးစီးပွားပညာဌာန (၁၃၆'x၄၀'x၁၄') RC တစ်ထပ် အကြီးစားမွမ်းမံ ပြင်ဆင်ခြင်း | ၁ |

၂။ **တင်ဒါပုံစံရောင်းချမည့်နေ့** – (၂၂–၄–၂၀၂၆) မှ (၂၈–၄–၂၀၂၆) ရက်၊ (၁၄:၀၀) နာရီအထိ

၃။ **တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့်နေ့** – (၄–၅–၂၀၂၆) မှ (၆–၅–၂၀၂၆) ရက်၊ (၁၅:၀၀) နာရီအထိ

၄။ **တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့်နေရာ** – စီမံရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

၅။ **တင်ဒါဖွင့်လှစ်မည့်နေ့** – ထပ်မံ၍ ဆက်သွယ်အကြောင်းကြားပေးပါမည်။

၆။ လုပ်ငန်းအမျိုးအစားအလိုက် တင်ဒါပုံစံ၊ စည်းမျဉ်းစည်းကမ်း၊ အသေးစိတ်အချက်အလက်များနှင့် Specification များအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ငွေကိုင်ဌာန၊ ဖုန်း ၀၆၇၃–၄၁၆၈၉၆ တွင် ဝယ်ယူရရှိနိုင်ပါသည်။

၇။ အသေးစိတ် သိရှိလိုပါက စီမံရေးရာဌာန၊ ဖုန်း ၀၆၇၃–၄၁၆၅၁၃ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော် တပ်ကုန်းမြို့နယ် ရွာတောအုပ်စု ပေါက်ပင်သာကျေးရွာနေ (အဘ) ဦးကျော်စိန်၏သား ၉/တကန(နိုင်)၁၅၉၅၃၇ ကိုင်ဆောင်သူ မောင်အောင်သကြ်န်(ခ)မောင်အောင်သကြ်န်စိုး သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပူတာအိုမြို့၊ လေယာဉ်ကွင်းရပ်ကွက် (၅)နေ ဦးဆာရ်ဝမ်ဖုန်ဆားရ် ၁/ပတအ(နိုင်)၀၅၄၆၀၆နှင့်ဒေါ်နန်ဟီးနန်ဆားရ် ၁/ပတအ(နိုင်)၀၄၈၂၈၉ တို့၏သမီး မဆာရ်ဝမ်မေဇာဆားရ်အား မဆာရ်ဝမ်မေအီသျှစ်လွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ထ(ခွဲ)အလက(၅) မှ ထက်ပြ ဒေါ်ခင်စန်းဝင်း (ခ) ဒေါ်စောဝင်းဝင်းလတ် ၁၂/သကတ(နိုင်) ၀၃၁၆၂၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ခင်စန်းဝင်း (ခ)**
**ဒေါ်စောဝင်းဝင်းလတ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၃)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၄၈၀/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးမြင့်ဆွေ (၁၂/မရက (နိုင်) ၁၀၀၉၂၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အာဘောဒါခါတူ(၁၂/ဒဂရ(နိုင်)၀၃၅၈၃၄)(AKB-၁၉၅၇၇၈)ထံမှ ကျွန်မ ဒေါ်နန်းညွန့်မေ (၁၃/တကန (နိုင်) ၀၈၅၇၀၀)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နန်းညွန့်မေ (၁၃/တကန (နိုင်) ၀၈၅၇၀၀)
၀၉ – ၅၁၄၀၄၃၂

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ သခင်ခင်ဇော်(၂)လမ်း၊ မြေကွက်အမှတ် (၉၃၅)၊ အကျယ်အဝန်း (၄၂ပေ၆လက်မ/၄၁ပေ၃လက်မ× ၆၀ပေ) ရှိ ဦးသန်းထိုက် (၁၂/အစန (နိုင်) ၀၈၉၈၉၅)(MTT- ၀၇၅၇၆၃) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၉၃၆)နှင့် ကပ်လျက် (၂၂ပေ၆လက်မ/၂၁ပေ၃လက်မ × ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသူများဖြစ်သော(၁) ဦးဇင်မင်း (၁၂/ဥကတ(နိုင်) ၁၈၄၇၉၁) နှင့် (၂)ဦးကောင်းစန့်နိုင် (၁၂/ဒဂရ (နိုင်) ၀၃၈၉၁၈) ထံမှ ကျွန်မ ဒေါ်ပုလဲရီထူး (၁၄/ပသန (နိုင်) ၀၀၅၇၃၆)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ပုလဲရီထူး (၁၄/ပသန (နိုင်) ၀၀၅၇၃၆)
၀၉– ၇၆၉ ၇၅၆ ၂၄၆

## တံတားဦးစီးဌာန
## တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့
## (၁/၂၀၂၆-၂၀၂၇) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် တံတားဦးစီးဌာန ၊ ငှားရမ်းခြင်းနှင့် တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း စသည်တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လို ပါသဖြင့် စိတ်ပါဝင်စားသော ကုမ္ပဏီများနှင့်လုပ်ငန်းရှင်များ လာရောက်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | – | ၄–၅–၂၀၂၆ ရက်၊ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** | – | ၁၁–၅–၂၀၂၆ ရက်၊ (ရုံးချိန်အတွင်း) |
| **PO Cheque နောက်ဆုံး ပေးသွင်းရမည့်ရက်** | – | ၁၂–၅–၂၀၂၆ ရက်၊ (ရုံးချိန်အတွင်း) |
| **တင်ဒါအကြိုရှင်းလင်းမည့် ရက်(Pre-bidding)** | – | ၁၄–၅–၂၀၂၆ရက်၊ တံတားအထူးအဖွဲ့(၁)ရုံး |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | – | ၁၅–၅–၂၀၂၆ ရက်၊ နံနက်(၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | – | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁)၊မြစ်ကြီးနားမြို့ specialbridgeone2018@gmail.com |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ၊ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း -၀၉–၅၁၈၀၀၂၂၊ ၀၉–၅၂၀၈၅၂၃၊ ၀၉–၄၀၀၀၂၁၀၁၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ တံတားဦးစီးဌာန၊**
**တံတားအထူးအဖွဲ့(၁)**

## OWIC ကတ် ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထက်ဝေယံကျော် ၇/ပခန(နိုင်)၄၃၈၁၁၂၏ OWIC ကတ်အမှတ် – 6801969103 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၉၀၂၅၄၄၅၃**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ် ICEC Grade (1) ဖြေဆိုထားသော (ဘ) ဦးအောင်မြတ်မင်း (၁၄/ဘကလ (နိုင်) ၂၁၃၆၉၃) ၏သား မောင်ပြည့်လျှံဟိန်းအား မောင်မင်းသုခ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းသုခ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ ကျောက်ကြီးစုရပ်ကွက်၊ အကွက်အမှတ်–၇၊ အကွက်အမည်–ကျောက်ကြီးစု၊ ဦးပိုင်အမှတ်–၁၃၁၊ ဧရိယာ (၀ဒသမ၀၂၅)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် အရှေ့လားသော်– ၁၃၂၊ အနောက်လားသော် –၁၃၀၊ တောင်လားသော် – ၁၃၂၊ မြောက်လားသော် – ဘောင်ဒရီလမ်း။ အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးခန့်ကိုကျော်+ဒေါ်သီသီဇင် တို့မှ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့ မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **ဦးခန့်ကိုကျော်+ဒေါ်သီသီဇင်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ ပြည်ရိပ်မွန်လမ်း၊ အမှတ် (၆) နေထိုင်သူ ရိုးဝင်းဒါရတ်(ခ) ဦးထွန်းထွန်း ၁၂/ အစန(နိုင်) ၁၅၁၄၀၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရိုးဝင်းဒါရတ်(ခ)ဦးထွန်းထွန်းသည် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ စက်မှုဖွံ့ဖြိုးရေးမြေကွက်၊ အကွက်အမှတ်(၁+၂)၊ ဧရိယာ(၂. ၀၈)ဧက၊ (၁)ဦးအောင်ကြည်၊ (၂)ဒေါ်ရွှေရင် တို့၏ အမည်ပေါက်၊ နှစ်(၃၀)ဂရန်မြေအား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး၊ ကန့်ကွက်လိုပါက မည်သူမဆို (၇) ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးဉာဏ်လင်းအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၅၉၁၄/၃ . ၉ .၂၀၁၉)
ရုံး – အမှတ် ( ၃၄/အေ)၊ မာလာမြိုင် (၅) လမ်း၊
အမှတ်(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း–၀၉–၄၂၂၅၃၉၈၄၉၊ Email; nyanlinlawyer @ gmail. com

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6R/6871, FORLAND BT304SDBPS+2, DUMPTRUCK (4x2) L.H.D ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းခိုင် ၅/ကဘလ(နိုင်)၁၆၀၃၆၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/93150, Honda Click ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကိုဖြိုး ၉/အမဇ(နိုင်) ၀၅၃၀၈၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပုသိမ်မြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၀

| | | |
|---|---|---|
| ဦးဇော်နိုင် | နှင့် | ဦးမျိုးသိန်း |
| **(တရားလို)** | | **(တရားပြိုင်)** |

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၃) ရပ်ကွက်၊ ရွှေဝတ်မှုံ (၅) လမ်း၊ အမှတ် (၆၈) နေ တရားပြိုင် ဦးမျိုးသိန်း (ယခုနေရပ်လိပ်စာမသိရ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်နိုင်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၇ ရက်)၊ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေမျိုးကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပုသိမ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်ကုန်း(တောင်)ရပ်ကွက်၊မကြီးကြီးလမ်း၊ အမှတ်(၃၆)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော၊ (၂)ခန်းတွဲ၊ (၇) ထပ်တိုက် အဆောက်အအုံ၏ (၇–လွှာ/A)၊ အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ပေ)ရှိ ရေမီးစုံ တိုက်ခန်း (၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးစိုးသိမ်း (၈/ပခက(နိုင်)၁၁၅၀၆၇)၊ ဒေါ်ခင်မမ (၈/ပခက(နိုင်)၁၁၅၀၇၅)၊ ဒေါ်ယဉ်မင်းသိမ်း (၈/ပခက(နိုင်)၀၃၀၈၀၀)၊ ဦးထွန်းမင်းသိမ်း (၈/ပခက(နိုင်)၀၀၀၃၂၆)၊ ဒေါ်ဖြိုးမင်းသိမ်း (၈/ပခက(နိုင်)၁၆၁၈၇၁)၊ ဒေါ်စောမင်းသိမ်း (၈/ပခက(နိုင်)၁၆၁၈၇၂)တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ယမင်းသူ (၁၄/ခနဖ(နိုင်)၁၅၁၄၃၃)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယမင်းသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းခိုင် (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၈၆၇)**
**အမှတ် (၄) မြေညီ၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၀၀၄၀၁၄၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် ၊ မြေတိုင်းရပ်ကွက် အမှတ် (၉–B) ၊ မြေကွက်အမှတ်– ၁/န ဟု ခေါ်တွင်သော တောင်သူကုန်းရပ်ကွက်၊ သာယာအေး (၂)လမ်း၊ အမှတ်–၁၈/A အကျယ်အဝန်း (၄၅ ပေ x ပေ ၁၀၀ ) ရှိ ဒေါ်ပုအမည်ပေါက် မြေပိုင်မြေကွက်ထဲမှ ဦးရဲသီဟနှင့် ဒေါ်ရီရီမေတို့က ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်–၄၂၈/၁၉၉၇ အဖြစ် တရားဝင်မှတ်ပုံတင်ပြီး ပိုင်ဆိုင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂) ထပ်အာရ်စီတိုက် (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးရဲသီဟ (၁/ဗမန(နိုင်)၀၁၉၀၉၂) နှင့် ဒေါ်ရီရီမေ (၁၄/ဘကလ (နိုင်) ၀၂၀၇၇၅) တို့ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်စန္ဒာ(၇/ပမန(နိုင်)၁၅၆၅၆၇) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းခိုင် (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၈၆၇)**
**အမှတ် (၄/A)၊ မြေညီ၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**Ph : 09–420040149, 09–5187372**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6439 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/6135, Nissan Navara D40 Pick Up ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ပြာအောင် ၁၂/လမန(နိုင်) ၁၃၂၅၃၅က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 49W/82847 ယာဉ်လက်ဝယ်ရှိသူ ဦးကိုဖြိုး ၉/ကဆန (နိုင်) ၂၂၃၂၀၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနခရိုင်ရုံး (ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ကျောက်ဆည်)

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ "အရေးပေါ်အခြေအနေသုံးမော်တော်ယာဉ်/နောက်တွဲယာဉ် (Caravan/Recreational vehicle)" ဝယ်ယူရန် အတွက် စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ (EOI) ဖောင်တင်သွင်းနိုင်ရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံဒေသအနှံ့တွင် လူမှုကရုဏာလုပ်ငန်းများကို အချိန်နှင့် တပြေးညီကူညီထောက်ပံ့နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဘေးဒဏ်အမျိုးမျိုးကြောင့် ထိခိုက်ခံစားရသော ရပ်ရွာလူထုများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကယ်ဆယ်ရေးပစ္စည်းများ ပိုမိုထိရောက်စွာပံ့ပိုးပေးခြင်းဖြင့် လူသားချင်းစာနာ ထောက်ထားမှုအထောက်အပံ့များ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် သဘာဝနှင့် လူကြောင့်ဖြစ်ပေါ်သောဘေးအန္တရာယ်များတွင် အသင်းဝန်ထမ်းများနှင့် စေတနာ့လုပ်အားရှင်များဖြင့် ပိုမိုထိရောက်စွာပံ့ပိုးပေးနိုင်ရန် အောက်ပါအချက်အလက်များ ပါဝင်သော အရေးပေါ်အခြေအနေသုံးမော်တော်ယာဉ်(ငယ်)/နောက်တွဲယာဉ် (Caravan/Recreational vehicle) ဝယ်ယူရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။ အရေးပေါ်အခြေအနေတွင်အသုံးပြုရန်ဖြစ်သည့်အတွက် အဆိုပါမော်တော်ယာဉ်(ငယ်) သို့မဟုတ် နောက်တွဲယာဉ်သည် -

(က) အသင်းအမည်ပေါက်မော်တော်ယာဉ်ဖြစ်ရန် လိုအပ်ခြင်း

(ခ) ယာယီခေတ္တနေထိုင် အသုံးပြုနိုင်ရန်နှင့် အစားအသောက် ချက်ပြုတ်နိုင်ရန် ပစ္စည်းကိရိယာများ တပ်ဆင်ထားခြင်း

(ဂ) မည်သည့်ဒေသ/အခြေအနေအမျိုးမျိုးတွင် သွားရောက်အသုံးပြုနိုင်ခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် "အရေးပေါ်အခြေအနေသုံးမော်တော်ယာဉ်(ငယ်)/နောက်တွဲယာဉ် (Caravan/Recreational vehicle)" ဝယ်ယူရန်အတွက် စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ"(EOI)မေးခွန်းလွှာရယူရန်ဆက်သွယ်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (EOI) ကြိုတင်ဆန်းစစ်ခြင်းမေးခွန်းများ တောင်းခံလွှာကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန၊ အမှတ်-၄၂၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်-၀၉-၇၉၈၈၉၆၅၁၅ သို့ ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၉)ရက် မြန်မာစံတော်ချိန် နံနက် (၉:၃၀)နာရီမှစတင်ထုတ်ယူနိုင်ပြီး၊ ကြိုတင်ဆန်းစစ်ခြင်း မေးခွန်းလွှာဖြေဆိုမှုများနှင့် အထောက်အထား စာရွက်စာတမ်းများကို ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၂၈)ရက်နေ့ မြန်မာစံတော်ချိန်မွန်းတည့် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ အထက်ဖော်ပြပါလိပ်စာသို့ တံဆိပ်ခတ်ထားသည့် စာအိတ်ဖြင့် ပေးပို့ရမည်ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၂)ရပ်ကွက်၊ မြေတိုင်းအမှတ် (၃)၊ မြေကွက်အမှတ်(၂၂၅ ခ)၊ မြေဧရိယာ(၀ဒ၁၁မ၀၃၁)ကေရှိမြေအား ဒေါ်နီနီချိုမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၄ )၊ မြေကွက်အမှတ်(၄၅၄)၊ မြေဧရိယာ (၀ဒ၁၁မ၀၅၅)ကေရှိမြေအား ဦးအောင်မိုးဟန်မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ (၈) လမ်း၊ အမှတ်(၁၁)၊ ၄ လွှာ (B) ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်စပ်သည့် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးကံထွန်း ၁၂/မဂဒ(နိုင်) ၀၀၆၆၉၆ ပိုင်ဆိုင်သူထံမှ ကျွန်ုပ်တို့က ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်း အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက် တစ်ပတ်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်း၊ ထိုရက်အတွင်း တင်ပြကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းချို ၁၀/သထန(နိုင်) ၀၁၅၈၆၀**
**ဖုန်း-၀၉-၅၁၇၂၄၂၊ ၀၉-၇၆၈၀၈၃၈၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၈)ရပ်ကွက်၊ မြေကွက်အမှတ် (၅၆၇) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀'x၆၀')ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော [မြေကွက်အမှတ်(၅၆၈)နှင့် ကပ်လျက်အခြမ်း] မြေအလျားxအနံ ပေ (၂၀x၆၀) ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူဦးအုန်း (KLN-036636) ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မာလာ (၁၂/ဒဂမ(နိုင်)၀၀၁၄၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းစိုး (၅/ရဘန(နိုင်)၁၈၉၈၇၅) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါ သည့်ရက်မှစ၍ (၇) ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ ဦးစောမောင်သိန်းက စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ ရွာကြီးအရှေ့အကွက်၊ ဦးပိုင်အမှတ်(၁၂၂-ဃ)၊ ဧရိယာ(၀ဒ၁၁မ၁၈၇)ကေအနက်မှ ဧရိယာ (၀ဒ၁၁မ၀၇၂)ကေရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဒေါ်မိသာဦးမှာ ကွယ်လွန်သွားပြီးဖြစ်၍ မြေးဖြစ်သူ ဒေါ်မြမြတင်၊ ဦးမင်းရဲနိုင်တို့ထံမှ စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-၂၁၀/၂၀၂၂ အရ အိမ်ရာမြေကွက် အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောသက်သေ အထောက်အထားများဖြင့် စစ်တွေမြို့နယ် မြေစာရင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်တွေမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်တွေမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၅

| | | |
|---|---|---|
| ဦးတင်မောင်ဌေ | နှင့် | ဒေါ်ခင်သန်းနု(၎င်း၏အထူးကိုယ်စားလှယ် လွှဲစာရရှိသူ ဒေါ်ခင်အေး) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အကွက်(၈၈-၄)၊ ၅၆ ဘီလမ်း၊ ၁၀၇x၁၀၈ လမ်းကြား၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ခင်သန်းနု(၎င်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်အေး (ဘ) ဦးလှအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်မောင်ဌေက "မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ-၂)၊ ဦးပိုင်အမှတ်(၉၄)၊ ဧရိယာ(၀.၀၅၅၁)ကေအတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာပေ(၃၀x၄၀) အား ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေယံမိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စာတိုးမြို့ပြင်ကြီးကျေးရွာအုပ်စု၊ စာတိုးကျေးရွာနေ ကျွန်တော် ဦးဘသွင် (၉/အမရ(နိုင်)၀၁၆၈၈၈)ပိုင်ဆိုင်သည့် စာတိုးမြို့ပြင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၂၄)၊ ကွင်းအမည် မြို့သစ်၊ ဦးပိုင်အမှတ် ၂၉၊ မြေအမျိုးအစား ယာမြေ၊ ဧရိယာ (၀.၉၇)ကေရှိမြေ၏ လယ်ယာမြေလုပ် ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမူရင်း ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ (၁၅) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဘသွင် ဖုန်း-၀၉-၄၀၀၅၀၀၀၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ ဇေယျာဒီပလမ်း၊ မြေကွက်အမှတ် (၁၁၈)၊ ဧရိယာပေ (၂၃x၆၀)ပေါ်တွင် ဆောက်လုပ်ထားသော (၆) ထပ်တိုက်၏ တတိယထပ်တိုက်ခန်းကို အခန်းပေးအခန်းယူစနစ်ဖြင့် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိန်ရွှေ (၁၂/ဒဂတ(နိုင်)၁၇၁၂၈၄)ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသောအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၇၈၅၁၄၉၄၅၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း (ခ) ဦးဘဟန်လမ်း၊ အမှတ် (၇၅)၊ မုဒိတာအိမ်ရာ(၁)၊ တိုက်အမှတ် (A)၊ ၉-လွှာ အခန်းအမှတ်(A-955)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပြည့် (၁၄/ပသန(နိုင်)၂၅၈၄၈၄) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော် (၇/ပမန(နိုင်)၁၉၃၆၂၉)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူ မဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| ဒေါ်စုစုခိုင် (LL.B) | ဒေါ်ခင်စောသိန်း (LL.B) | ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M) |
| (စဉ်-၁၁၅၅၃) | (စဉ်-၁၃၂၈၆) | (စဉ်-၅၆၈၈၇) |
| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## "အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် **ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်** အား ရွေးချယ်တင်မြှောက်ခံရမှုအတွက် တိုင်းရင်းသားပြည်သူအားလုံးနှင့် ထပ်တူ လပြည့်ဝန်းမိသားစုဖောင်ဒေးရှင်းမှ **"အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း"** နှင့် ကိုယ်စိတ်နှလုံးသုံးပါး ကျန်းမာစွာဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျိုးကို ဆတက်ထမ်းပိုး ဦးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**လပြည့်ဝန်းမိသားစုဖောင်ဒေးရှင်း**
**Fullmoon Family Foundation**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊နည်းဥပဒေ -၁ နှင့် ၅)
## ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၁၉

| | | |
|---|---|---|
| ဦးဝင်းလွင် | နှင့် | ဒေါ်မြင့် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၊ (၆၅)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် (၁၀၂၈/က)နေ တရားပြိုင်ဒေါ်မြင့် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုဦးဝင်းလွင်က ပဋိညာဉ်အတိုင်းတရားဝင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ်၊ ဧပြီလ ၂၀ ရက် (၁၃၈၈ ခုနှစ် ၊ ဦးကဆုန်လဆန်း ၅ ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် ၊ ဧပြီလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲဟန်ဇော်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 45W/77333 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## မွေးသက္ကရာဇ်အမှန်

ဥတ္တရသီရိ New Campus ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 တွင် ပညာသင်ကြားနေသော မအိမ့်ဆည်းဆာဦး (ဘ) ဦးစိန်ပြည့်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၈-၂၀၁၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ ဘိုကလေးမြို့၊ အထက (၁)ကျောင်း G-11 တက်ရောက်အောင်မြင်ခဲ့သည့် မောင်လင်းထက်ကိုကို ၁၄/ဘကလ(နိုင်)၄၅၆၉၆၄၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၁၄/ဘကလ(နိုင်)၃၂၂၆၀၈ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9R/1817, Suzuki CIAZ YL1 S/L(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသူတင့် ၁၃/ကလန(နိုင်)၀၅၅၄၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄၊ မိသားရပ်)၊ ဦးပိုင်အမှတ်(၁၆၀-က)၊ မြေဧရိယာ (၀ဒ၁၁မ၀၆၅)ကေရှိမြေကွက်သည် မူလက ဒေါ်စိန်ရင်+ဒေါ်စောတင်+မဌေးဌေးဦးအမည်ဖြင့် (၃၀-၆-၂၀၂၂)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး၊ (၇-၁-၂၀၂၆)ရက်စွဲပါ တရားရုံး၏ဒီကရီအရဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင် ရောင်းချခြင်း စာချုပ်မှတ်ပုံတင်အမှတ်(၀၀၁/၂၀၂၆)ဖြင့် ဒေါ်စိန်ရင်၊ ဒေါ်စောတင်၊ ဒေါ်ဌေးဌေးဦး ထံမှ ဦးပိုင်(၁၆၀-က)၊မြေဧရိယာ (၀ဒ၁၁မ၀၆၅) ကေ အပိုင်းကို ဦးစီစီဘရန်း(ခ)ကျော်ကြည်ဘရန်း အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးစီစီဘရန်း(ခ)ဦးကျော်ကြည်ဘရန်း ၁၂/လကန(နိုင်)၁၂၈၀၁၂ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ သူရ (၂) လမ်း၊ မြေကွက်အမှတ်(၁၀၄/က)၊ မြေပေအကျယ်အဝန်း(၀.၀၂၇)ကေရှိ နှစ် (၆၀) ဂရန်မြေကွက်ကို အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်သက်ထားဆွေ (၁၂/ဥကတ(နိုင်)၁၈၈၉၁၁)က ယင်းမြေကွက်နှင့် မြေကွက်ပေါ် တွင် ဆောက်လုပ်ထားသော အာစီရီ(၂)ထပ် လုံးချင်းနေအိမ်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L (W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ် (၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ (၃) လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် (၁၀/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၄၆)၊ မြေဧရိယာ(၀ဒ၁၁မ၀၂၈)ကေရှိ ဂရန်အမှတ်တွဲအမှတ် (၁၀၅၈/၁၉၉၄-၉၅)အရ ဒေါ်တင်တင်သန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ် အဆောက်အအုံ၊ ရေ၊ မီးမီတာအပါအဝင် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးဝေလွင်ဦးမှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အရပ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဖြူဖြူမင်း (စဉ်-၄၀၁၉၄) (အထက်တန်းရှေ့နေ)**
**(LL.B, D.B.L, D.I.L, L.P.Law)**
**ရပ်ကွက်ကြီး ( ၁၀ )၊ ပြင်ဦးလွင်မြို့၊ ဖုန်း- ၀၉-၅၀၉၃၃၃၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/6821, Bajaj 234, 3W Vehicle ယာဉ်လက်ဝယ်ရှိသူ ဦးညိုဝင်း ၇/ပမန(နိုင်)၀၉၇၃၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စက်အရန်ပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Spare Parts for Web Offset Printing Machines | 1 Lot |
